ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်)**

**(အင်္ဂါနေ့)**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ (၉၀.၉၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၂၅-၈-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်းနဲ့ ဗိုလ်ကြီးဒေါ်အေးသဥ္ဇာကျော်၊ တပ်မတော်သားကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်တို့ပဲဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်ရန်

ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်ရှိ အမြင့် မြို့ဟောင်းသည် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းအမျိုးမျိုးတို့အား နေရာအတည်တကျ ဂုဏ်ယူပြသထားရှိနိုင်ရန် အမြင့် မြို့ဟောင်း ယဉ်ကျေးမှုပြတိုက် အဆောက်အဦတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အမြင့်မြို့ဟောင်း၏ အထိမ်းအမှတ် မင်းလက်ဝါး၏ ရုပ်ထုပုံတော် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်မြေထဲက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်မှာရှိတဲ့ အမြင့် မြို့ဟောင်းသည် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းအမျိုးမျိုးတို့မှာ နေရာအတည်တကျ စုစည်းမထားနိုင်ဘဲ နေရာအနှံ့ စုပုံထားရှိခြင်းတို့ကြောင့် ကျိုးပဲ့ပျက်စီးနေပါသဖြင့် အတည်တကျ ခေါ်ယူပြသနိုင်ရန် အမြင့်မြို့ဟောင်း ယဉ်ကျေးမှုပြတိုက် အဆောက်အဦတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အမြင့်မြို့ဟောင်း၏ အထိမ်းအမှတ် မင်းလက်ဝါးရဲ့ ရုပ်တုပုံတော်ကို စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂံမြို့ဟောင်းဟာ ကြာအိုးအံ - ပုဂံ ဆိုတဲ့ စာဆိုနဲ့ အညီ သက္ကရာဇ် ၂၁၁ ခုနှစ်မှာ တည်ထားခဲ့ပါတယ်။ ပုဂံနဲ့အပြိုင်ဖြစ်တဲ့ အမြင့်မြို့ဟာလည်း ကြာကြာရစ် အမြင့် ဆိုတဲ့ စာဆိုနဲ့အညီ သက္ကရာဇ် ၂၂၄ ခုနှစ်မှာ အမြင့်မြို့ကို တည်ထောင်ခဲ့ပါတယ်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာ မင်းလက်ဝါးကြီး စီမံအုပ်ချုပ်တဲ့ အမြင့်မြို့ဟာ (၈၀၀)ပြူမြို့အဖြစ် ထင်ရှားခဲ့ပါတယ်။ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်၊ ကျုံးတွေနဲ့ မြန်မာ့ယဉ်ကျေးမှုတွေ ထွန်းကားခဲ့ပါတယ်။ စာရင်းအရ စေတီပေါင်း (၃၀၀)ကျော်ရှိနေရာမှ ယခုအခါမှာ ရှေးဟောင်းယဉ်ကျေးမှုရဲ့ မှတ်တမ်း

အရ စေတီပေါင်း (၁၄၅)ဆူရှိကြောင်း သိရပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။

အမြင့်မြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၂-၄-၂၀၁၂ ရက်နေ့မှာ ကာကွယ်ထိန်းသိမ်းထားတဲ့ ဇုန်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ Slide မှာ ပြသထားတဲ့အတိုင်း ရှေးဟောင်းသမိုင်းဝင်ပစ္စည်းတို့ဟာ နေရာအနှံ့အပြားတို့မှာ စုပြုံထားကြရပါတယ်။ နေရာအတည် တကျမဖြစ်လို့ ကွဲကြေတာတွေ၊ ဘုရားဆင်းတုတော်များ ပျက်စီးနေတာတွေ၊ ပေ၊ ပုရပိုက်စာများ စုတ်ပြတ်ပြီး အဝတ်နဲ့ထုပ်ပစ်ထားရခြင်း၊ အခြား အမည်မဖော်တတ်သည့်ပစ္စည်းများ ပျက်စီး ယိုယွင်းနေကြတာကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ တန်ဖိုးရှိတဲ့ ရှေးဟောင်းပစ္စည်းများဟာ လက်ကျန်များသာ ဖြစ်ပါတယ်။ ၂၀ – ၃ – ၂၀၁၃ ရက်နေ့က ထုတ်ဝေတဲ့ ရတနာပုံသတင်းစာမှာ သရိုးကိုင် ကျွန်းသေတ္တာ တစ်လုံး အပါအဝင် ပုရပိုက်(၁၂)ခုအထိ ရှေးဟောင်းပစ္စည်းစုစုပေါင်း (၁၉)ခုတို့ကို စစ်ကိုင်းမြို့မှ ဗုဒ္ဓပြတိုက်မှာ ထားရှိကြောင်းနှင့် ၁၂–၁၀–၁၉၉၆ ရက်နေ့မှာ ယွန်းပန်းချီသေတ္တာ အပါအဝင် ဆွမ်းတော်၊ ယောက်ချိုပစ္စည်းများအထိ (၇)မျိုးတို့ကို ပုဂံပြတိုက်မှာ ထားရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီပစ္စည်းများဟာ အမြင့်မြို့ဟောင်းမှ ရှေးဟောင်း ပစ္စည်းများဖြစ်ကြပါတယ်။ အဲဒီပစ္စည်းများအပါအဝင် လက်ကျန်ပစ္စည်းများမှအစ အခြေတကျ ထားနိုင်တဲ့ ရှေးဟောင်းပစ္စည်း ယဉ်ကျေးမှုပြတိုက်တစ်လုံး အမှန်တကယ် လိုအပ်နေပါတယ်။ ပြတိုက်ဆောက်ဖို့နေရာလည်း ရွေးချယ်ထားပြီးဖြစ်ပါတယ်။ ရှေးဟောင်းယဉ်ကျေးမှု ပုဂံအင်ဂျင်နီယာ ကိုလည်း ပြတိုက်ပုံစံရေးဆွဲဖို့ စီစဉ်ထားပြီးလည်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမြင့်မြို့ဟောင်းရဲ့ ရှေးဟောင်းဘုရားမှာ ရှေးဟောင်းအဖွဲ့မှ ပြင်ဆင်နေကြလို့ နယ်တကာမှ ဘုရားဖူးများ စည်ကားနေကြပါတယ်။ ပြတိုက်ပြီးမယ်ဆိုရင် ကျန်တဲ့ရှေးဟောင်းဘုရားများ ဆက်လက် ပြင်ဆင်နိုင်ဖို့ ဘတ်ဂျက်ငွေဆက်ချမယ်ဆိုရင် အမြင့် မြို့ဟောင်းဟာ ရှေးဟောင်းလေ့လာတဲ့ နိုင်ငံတကာမှ ဧည့်သည်များ ဝင်ထွက်သွားလာလို့ အဆင်ပြေတဲ့ မြို့နေရာလည်းဖြစ်တဲ့အတွက် တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်ဝင်ငွေများ ရရှိမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပိုင်းဖြစ်တဲ့ အမြင့် မြို့ဟောင်းမှာဆိုရင် မင်းလက်ဝါးကြီးအမည်နဲ့ နာမည်ထင်ရှားပါတယ်။ မင်းလက်ဝါးကြီးရုပ်ပုံစံနဲ့ ထုလုပ်ပြီးတော့ သင့်တော်တဲ့နေရာမှာ စိုက်ထူဖို့ လိုအပ်နေပါတယ်။ နယ်မြေဒေသတစ်ခုရဲ့ သမိုင်းမှတ်တမ်းဟာ ပြုလုပ်သင့်တာဖြစ်လို့ မင်းလက်ဝါးကြီးရဲ့ရုပ်ပုံကိုပြုလုပ်စိုက်ထူရန် ခွင့်ပြုသင့်ပါတယ်။ အဲဒါကြောင့် အမြင့် မြို့ဟောင်းမှာ အမှန်တကယ်လိုအပ်နေတဲ့ နိုင်ငံ့အတွက် ဂုဏ်ယူဝင့်ကြွားနိုင်တဲ့ နိုင်ငံတော် ဝင်ငွေရရှိနိုင်မယ့် ရှေးဟောင်းပြတိုက်တစ်ခု ဆောက်လုပ်ရန်နဲ့ မင်းလက်ဝါးရုပ်ပုံထုလုပ်ရန်

ဘတ်ဂျက်ငွေနဲ့ ယဉ်ကျေးမှုနယ်မြေဖြစ်လို့ ခွင့်ပြုရန် အစီအစဉ်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမြင့်မြို့ဟောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ဇုန်၏ မြင်ကွင်းပုံ (ရ)



အမြင့်မြို့ဟောင်းမှ မင်းလက်ဝါးကြီး၏ ပုံတော် ပြပုံ (ရ-၁)




ထားစရာ နေရာမရှိ၍ စုပုံထားသည့် ဘုရားများ ပြပုံ (ရ-၂)



**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၃။**

**ဦးကြည်မင်း (ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းလို့ သာသာနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကြည်မင်း က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်မြို့ဟောင်းသည် ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဂူဘုရားများ ယနေ့တိုင် ကြွင်းကျန်တည်ရှိလျက်ရှိတဲ့အတွက်ကြောင့် ၂ - ၄ - ၂၀၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၂)ဖြင့် ကာကွယ်ထိန်းသိမ်းထားသော ဇုန်အဖြစ် သတ်မှတ်ပြီး အခြားဒေသများနည်းတူ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရေးဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းလျက်ရှိပါတယ်။ အခါအားလျော်စွာ နိုင်ငံတော်ရန်ပုံငွေ တင်ပြ၍ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းလျက်ရှိသကဲ့သို့ အလှူရှင်များရဲ့ လှူဒါန်းငွေများဖြင့်လည်း ပြုပြင်ထိန်းသိမ်းပေးလျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းမြို့တွင် ဗုဒ္ဓပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ ဘုတလင်မြို့တွင် ဗုဒ္ဓယဉ်ကျေးမှုပြတိုက်နှင့် ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုဖြစ်သော ဟန်လင်းမြို့ဟောင်းတွင် ရှေးဟောင်းသုတေသနပြတိုက်တစ်ခုစီ သီးခြားဖွင့်လှစ်ပြသထားရှိပါတယ်။ ပြတိုက်တစ်ခု တည်ထောင်ဖွင့်လှစ်သွားရန်အတွက် ရန်ပုံငွေရရှိမှု၊ ပြသပစ္စည်းပြည့်စုံမှု၊ အဆောက်အအုံနှင့်နေရာ ဝန်ထမ်းဖွဲ့စည်းပုံ၊ ရေရှည်တည်တံ့ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်း စသည်ဖြင့် လိုအပ်မှာဖြစ်ပါတယ်။

ယခုနှစ်နှင့် ရှေးလာမည့် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေရရှိမှုအရလည်းကောင်း၊ ဌာနလုပ်ငန်းစဉ်အရလည်းကောင်း၊ ဌာနဖွဲ့စည်းပုံတွင် ဝန်ထမ်းဖွဲ့စည်းပုံ မရှိပါသဖြင့် အမြင့်မြို့ဟောင်းတွင် ယဉ်ကျေးမှုပြတိုက်ဆောက်လုပ်ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အတူ အမြင့်မြို့ဟောင်းရဲ့ အထိမ်းအမှတ် မင်းလက်ဝါး ရုပ်တုပုံတော် စိုက်ထူ ပေးရန်နှင့် ပတ်သက်၍လည်း ဌာနအနေဖြင့် သက်ဆိုင်ရာ ရှေးဟောင်းဒေသများ၏ ထိန်းသိမ်းကာကွယ်

စောင့်ရှောက်ရေးကိုသာ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ အထိမ်းအမှတ် ကမ္ဗည်းများ၊ ရုပ်တုများ စိုက်ထူခြင်းကို ဒေသခံများရဲ့ အစီအစဉ်ဖြင့်သာ ဆောင်ရွက်လေ့ရှိပြီး ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် ဇုန်အတွင်းဖြစ်ပါက နေရာရွေးချယ်အတည်ပြုပေးခြင်း စသည်ဖြင့် လိုအပ် သည်များကို ပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ဖြည့်စွက်တင်ပြလိုတာကတော့ အမြင့် မြို့ဟောင်းမှာ ပြတိုက်ဆောက်လုပ် ရေးနှင့်စပ်လျဉ်းလို့ ပြည်ထောင်စုဝန်ကြီးရဲ့ ၁၆-၈-၂၀၂၀ ရက်နေ့မှာ အမြင့်ဒေသကို ရောက်ရှိပြီးတဲ့ အခါမှာ ယခုတင်ပြပါ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှဦး အပါအဝင် ဒေသခံများနှင့် တွေ့ဆုံခဲ့ ပါတယ်။ တွေ့ဆုံခဲ့တဲ့အခါမှာလည်း ပြတိုက်တည်ဆောက်ရေးနှင့် ပတ်သက်လို့ အကြံဉာဏ်များ ကိုလည်း ဆွေးနွေးပြောကြားခဲ့တာကို တင်ပြပါမယ်ခင်ဗျား။ ဒါကတော့ အမြင့်မြို့ဟောင်း အမွေအနှစ် ဒေသထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့ဖို့ လိုအပ်ပါကြောင်း၊ ဒီအဖွဲ့ ဖွဲ့ဖို့အတွက်ကိုလည်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှာ မှတ်ပုံတင်လျှောက်ထားရမှာဖြစ်ပါကြောင်း၊ အဲဒီလိုဖွဲ့စည်းပြီးလို့ရှိရင်တော့ ပြတိုက်ဆောက်လုပ်ရန် မြေနေရာတွေကို အဖွဲ့အနေနဲ့ ဆက်လက်ပြီးတော့ လျှောက်ထားသွားရန် လိုအပ်ပါကြောင်း၊ ပြတိုက်အတွက် စုဆောင်းထားရှိသော ရှေးဟောင်းပစ္စည်းများကို အဖွဲ့အမည်ဖြင့် မှတ်ပုံတင် ထိန်းသိမ်းခွင့်အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းဥပဒေ ပုဒ်မ ၁၄ အရ ရှေးဟောင်းသုတေ သနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လျှောက်ထားပါရန်နဲ့ အဲဒီလို လျှောက်ထားလာလို့ရှိရင် လည်းပဲ ဌာနအနေနဲ့ ခွင့်ပြုပေးသွားမှာဖြစ်ကြောင်း၊ ဒါဆိုလို့ရှိရင်တော့ ဒေသခံများအနေနဲ့ တရားဝင် ပိုင်ဆိုင်ထိန်းသိမ်းခွင့် ရရှိသွားမှာဖြစ်ပါကြောင်း၊ စုဆောင်းထားရှိတဲ့ပစ္စည်းများကို ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြတိုက် ကျွမ်းကျင်ပညာရှင်များ စေလွှတ်ပြီး ပြတိုက် ပြခန်းဖွဲ့စည်းမှု၊ ပြတိုက်ပုံစံရေးဆွဲရေးကို ကူညီပေးမည်ဖြစ်ပြီး ပြတိုက်များ ခင်းကျင်းတဲ့အခါမှာလည်း ကူညီဆောင်ရွက်ပေးမှာဖြစ်တဲ့အကြောင်း၊ လက်ရှိရွေးချယ် လျာထားတဲ့ ပြတိုက်နေရာဟာ အကွက် အကွင်းကောင်းဖို့ လိုအပ်ပါကြောင်း၊ လူစည်ကားတဲ့နေရာတွင် တည်ဆောက်ပါက ပိုမိုပြီးတော့ ကောင်းမွန်ပါကြောင်းကို ပြည်ထောင်စုဝန်ကြီးမှ လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး အပါအဝင် ဒေသခံများကို အကြံဉာဏ်များ ပေးခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ယခုတင်ပြပါ လုပ်ငန်းစဉ်များမှာ ပါရှိတဲ့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ဆယ်ပလာကျေးရွာရှိ ဆယ်ပလာ ကျန်းမာရေး ဌာန(ခွဲ) ဝန်ထမ်းအိမ်ရာအား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် မေးမြန်းလိုတာက မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ် အတွင်းမှာရှိတဲ့ ဆယ်ပလာကျေးရွာရှိ ဆယ်ပလာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဝန်ထမ်း အိမ်ရာအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ်၊ ဆယ်ပလာကျေးရွာသည် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ပင်လယ်ကမ်းစပ်ရွာဖြစ်ပြီး ပြောင်းရွှေ့လုပ်သား များနေထိုင်သည့် ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အဆိုပါကျေးရွာမှာ ယခင်နှစ်များတွင် ကာလ ဝမ်းလျှောရောဂါ ဖြစ်ပွားသည်နှင့်အညီ ကျေးရွာ၌ ကျန်းမာရေးဝန်ထမ်းများမှ ကူးစက်မှုကို မျက်ခြည်မပြတ် စောင့်ကြည့်နေရသည့် ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ဆယ်ပလာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)သည် ကမာကေးကျေးရွာ ကျန်းမာရေးဌာန(ခွဲ)အောက်တွင် တည်ရှိပြီး ၁၉၇၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ဆယ်ပလာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)သည် ကမာကေးကျေးရွာ ကျေးလက် ကျန်းမာရေးဌာနနှင့် (၄)မိုင်၊ မုရစ်ကလေး တိုက်နယ်ဆေးရုံနှင့် (၃)မိုင်၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် (၈)မိုင် ကွာဝေးလျက်ရှိပါတယ်။ လက်ရှိ ဆယ်ပလာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ၂၀၁၀ ပြည့်နှစ်တွင် ကျေးရွာအလှူရှင်များမှ စတင်ဆောက်လုပ်ပေးခဲ့ပြီး ကျန်းမာရေးဌာန၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ပြင်ထိန်းရန်ပုံငွေဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်ခဲ့ ပါတယ်။ ဆယ်ပလာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသော ဝန်ထမ်းများမှာ ဝန်ထမ်းအိမ်ရာ မရှိသဖြင့် လူနေအိမ်များ ငှားရမ်းခြင်း၊ ဆေးခန်း ပေါ်တွင် ဆေးကုသပေးခြင်းတို့ကြောင့် အနှောင့်အယှက်များစွာ ကြုံတွေ့ရင်ဆိုင်နေရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆယ်ပလာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရန်အတွက် မြေယာပိုင်ဆိုင်မှု အထောက်အထားများ ပြုလုပ်ထားပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ချောင်းဆုံမြို့နယ်အတွင်းရှိ ဆယ်ပလာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဝန်ထမ်းအိမ်ရာအား ဆောက်လုပ်ပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၁။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု (၇၈)အုပ်စုမှာ လူဦးရေ (၁၆၆၈၀၁)ဦးတို့အား မိခင်နှင့် ကလေးကျန်းမာရေးဌာန(၁)ခု၊ တိုက်နယ်ကျန်းမာရေးဌာန(၃)ခု၊ ကျေးလက်ကျန်းမာရေးဌာန (၇)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၃၀)ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ချောင်းဆုံမြို့နယ်၊ ဆယ်ပလာကျေးလက်ကျန်းမာရေးဌာန(ခွဲ)သည် ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံရရှိပြီး သားဖွားဆရာမ (၁)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အိမ်ခြေစုစုပေါင်း (၃၂၅)အိမ်မှာ လူဦးရေစုစုပေါင်း (၁၉၂၇)ဦး၊ ကိုယ်ဝန်ဆောင်မိခင် (၃၄)ဦး၊ (၅)နှစ်အောက်ကလေး (၁၆၇)ဦးတို့ကို အနီးကပ်ပြုစု စောင့်ရှောက်ပေးလျက်ရှိပါတယ်။

ဆယ်ပလာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)သည် မြို့နယ်ပြည်သူ့ဆေးရုံနှင့် (၈)မိုင်၊ ကမာကေး ကျေးလက်ကျန်းမာရေးဌာနနှင့် (၄)မိုင်၊ မုရစ်ကလေးတိုက်နယ်ဆေးရုံနှင့် (၃)မိုင် ကွာဝေးပါတယ်။ ဆယ်ပလာကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို (၂၇ x ၃၀)ပေ အကျယ်အဝန်းရှိ ဆေးခန်းအဆောက်အဦကို ၁၉၉၇ ခုနှစ်မှာ ကျေးရွာပြည်သူလူထုမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။

ယခု တောင်းခံထားသည့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် မြေရရှိရန် ကျေးရွာဆေးပေးခန်း၏ဘေး စာကြည့်တိုက်နှင့် ဓမ္မာရုံတို့၏ တစ်ဖက်တွင်ရှိသော မြေကေ(၀.၀၃၅)ကေရှိ (၄၂ x ၃၆)ပေ ရွာမြေကို ရွာမှလှူဒါန်းထားပြီး ပုံစံ(၁၀၅)(၁၀၆)လည်း ရရှိထားပြီး ဖြစ်ပါတယ်။ ၎င်းမြေမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ပေးထားသည့် (၃၈ x ၂၅)ပေရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၏ စံကိုက်ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ရန် လုံလောက်မှု ရှိပါတယ်။ ၎င်းဆယ်ပလာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းကို မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် အဆိုပြုလျာထားချက် ပထမဦးစားပေးအစီအစဉ်တွင် တင်ပြတောင်းခံထားပါသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းလမ်းညွှန်ဖြစ်သည့် ဗိသုကာပုံစံ၊ Structure ပုံစံ၊ ရေသန့်လျှပ်စစ်ပုံစံ အဆောက်အဦ၏ အသေးစိတ် တွက်ချက်မှုစာရင်းနှင့်တကွ အခြားလုပ်ငန်းများဖြစ်သော Clinth Level မြှင့်တင်ခြင်း၊ Retaining Wall ဆောက်လုပ်ခြင်း စသည့် လုပ်ငန်းများ တင်ပြလာရန်ကို စောင့်မျှော်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချိန်ဖြစ်တဲ့ ၁-၆-၂၀၂၀ ရက်နေ့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးဖြစ်နေပါသောကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးနိုင်ခြင်း မရှိပါသော်လည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ မေးမြန်းတဲ့ မေးခွန်း(၂)ခုဟာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနေတဲ့အတွက် မေးခွန်းကို တစ်ဆက်တည်း မေးမြန်းဖို့ ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ အလားတူပဲ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအနေနဲ့လည်း မေးခွန်းနဲ့ ပတ်သက်တဲ့ အဖြေများကို တစ်ဆက်တစ်စပ်တည်း ဆက်စပ်ဖြေကြားသွားရန်ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာအုပ်စု၊ သစ်တောကျေးရွာအား ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမည်ပေါက်ကျေးရွာအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ လက်ဝဲဒက်ပုဇွန်ချောင်း ကျေးရွာအုပ်စု၊ သစ်တောကျေးရွာကို ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမည်ပေါက်ကျေးရွာအဖြစ် ပြင်ဆင် ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘူးသီးတောင်မြို့နယ်၊ လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာအုပ်စု၊ သစ်တော ကျေးရွာဟာ ဘူးသီးတောင် – မောင်တော ကားလမ်းနဘေးမှာတည်ရှိပြီး မေယု သစ်တောကြိုးဝိုင်း ဧရိယာအတွင်း ကျရောက်လျက်ရှိပါသည်။ သစ်တောကျေးရွာကို ၁၉၉၁ ခုနှစ်မှာ အိမ်ခြေ (၃၁)အိမ်နဲ့ စတင်ဖွဲ့စည်း တည်ဆောက်ခဲ့ပါတယ်။ ယခုအခါမှာတော့ အိမ်ခြေ (၅၀)ကျော်ခန့် အခိုင်အမာတည်ရှိ နေပြီးဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက် လျက်ရှိနေပြီး ကျေးရွာအင်္ဂါရပ်နှင့်လည်း ပြည့်စုံလျက်ရှိနေပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဘူးသီးတောင် မြို့နယ်၊ လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာအုပ်စု၊ သစ်တောကျေးရွာကို ကြိုးဝိုင်း/ကြိုးပြင် ကာကွယ် တောမြေအဖြစ်မှ ပယ်ဖျက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအမည်ပေါက်ကျေးရွာအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စေတောင်ကျေးရွာအုပ်စု၊ လေ့မ်းပြင်ကျေးရွာအုပ်စု၊ စံကိုး တောင်ကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာတို့အား မူလအမည်မှန်ဖြစ်သည့် စည်တောင်ကျေးရွာ အုပ်စု၊ ငွေတောင်ကျေးရွာအုပ်စု၊ စံကိုးတောင်ကျေးရွာအုပ်စု၊ အောင်ဇေယျကျေးရွာအဖြစ် ပြောင်းလဲ ပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊

စေတောင်ကျေးရွာအုပ်စု၊ လှေမ်းပြင်ကျေးရွာအုပ်စု၊ စံဂိုးတောင်ကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာ တို့အား မူလအမည်မှန်ဖြစ်သည့် စည်တောင်ကျေးရွာအုပ်စု၊ ငွေတောင်ကျေးရွာအုပ်စု၊ စံဂိုးတောင် ကျေးရွာအုပ်စု၊ အောင်ဇေယျကျေးရွာအဖြစ် ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စေတောင်ကျေးရွာအုပ်စု၏ မူလအမည်မှန်ကတော့ စည်တောင်ကျေးရွာ အုပ်စု ဖြစ်ပေမယ့်လည်း ၁၉၇၄ ခုနှစ်၊ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်အုပ်ချုပ်ပြီးနောက်ပိုင်း စေတောင်ကျေးရွာအုပ်စုအဖြစ် ကျေးရွာသားများရဲ့ ဆန္ဒမပါဘဲ ပြောင်းလဲရေးသား ခေါ်ဝေါ်သုံးစွဲ လာခဲ့ကြောင်း သိရတဲ့အတွက် မူလအမည်မှန် စည်တောင်ကျေးရွာအုပ်စုအဖြစ် ရေးသားခေါ်ဝေါ် ပြန်လည်အသုံးပြုရန် ကျေးရွာသားများက လိုလားကြပါတယ်။

လှေမ်းပြင်ကျေးရွာအုပ်စုရဲ့ မူလအမည်မှန်ကတော့ ငွေတောင်ကျေးရွာအုပ်စုဖြစ်သော်လည်း ၁၉၇၄ ခုနှစ်၊ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်အုပ်ချုပ်ပြီးနောက် လှေမ်းပြင်ကျေးရွာအုပ်စုလို့ ပြောင်းလဲခဲ့ကြောင်း သိရပါတယ်။ ကျေးရွာသားများရဲ့ ဆန္ဒမပါခဲ့တဲ့အတွက် မူလအမည်မှန် ငွေတောင် ကျေးရွာအုပ်စုအဖြစ် ရေးသားခေါ်ဝေါ် သုံးစွဲရန် ကျေးရွာသားများက လိုလားကြပါတယ်။

စံဂိုးတောင်ကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာရဲ့ မူလအမည်မှန်ကတော့ စံဂိုးတောင် ကျေးရွာအုပ်စု၊ အောင်ဇေယျကျေးရွာပဲ ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်၊ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်အုပ်ချုပ်ပြီးနောက် နွားရုံတောင်ကျေးရွာအဖြစ် ပြောင်းလဲခဲ့ကြောင်းသိရပါတယ်။ မူလ အမည်မှန် စံဂိုးတောင်ကျေးရွာအုပ်စု အောင်ဇေယျကျေးရွာအဖြစ် ပြန်လည်သုံးစွဲရန် လိုလားကြ ပါတယ်။ သို့ဖြစ်ပါ၍ မူလအမည်မှန် စည်တောင်ကျေးရွာအုပ်စု၊ ငွေတောင်ကျေးရွာအုပ်စု၊ စံဂိုး တောင်ကျေးရွာအုပ်စု၊ အောင်ဇေယျကျေးရွာများအဖြစ် ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၈။**

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း

ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ရခိုင် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာအုပ်စု၊ သစ်တော ကျေးရွာသည် မေယုကြိုးဝိုင်း အကွက်အမှတ် (၂၁)မှာကျရောက်ပြီး ဘူးသီးတောင်–မောင်တော ကားလမ်းဘေးမှာတည်ရှိကာ အကျယ်အဝန်း (၅)ဧကခန့်ရှိကြောင်း သိရပါတယ်။ ဘူးသီးတောင် မြို့နယ်ရှိ လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာအုပ်စုမှ သစ်တောကျေးရွာ အပါအဝင် စုစုပေါင်း (၁၄)ရွာ အား ကျေးရွာတိုးချဲ့ပြင်ဆင်ရန် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်သို့ အမှုတွဲ တင်ပြခဲ့ရာမှာ အမှုတွဲတွင် ပါဝင်တဲ့ ကျေးရွာများနဲ့ နပုန်းကျေးရွာ၊ ဝါးနက်ရုံကျေးရွာ၊ တမန်းသားကျေးရွာနဲ့ သစ်တောကျေးရွာ (၄)ရွာ တို့ဟာ ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်တဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သစ်တောမြေအဖြစ်မှ ပယ်ဖျက်တဲ့အမိန့်များ လိုအပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ရုံးသို့ သစ်တောမြေ ပယ်ဖျက်နိုင်ရေးအတွက် တင်ပြခဲ့ရာမှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉)အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနဲ့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရန် ဆုံးဖြတ်ခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၁–၁–၂၀၁၉ ရက်စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုကဲ့သို့ တင်ပြခဲ့မှုအပေါ် လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၃/၂၀၁၉)မှာ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ သက်ဆိုင်ရာဌာနများ ပါဝင်သောအဖွဲ့ဖြင့် မြေပြင်အခြေအနေအရ သေချာစွာ ကွင်းဆင်းစစ်ဆေးပြီး ပြန်လည်စစ်ဆေး တင်ပြရန် ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ပါသဖြင့် သိရှိဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်သမ္မတရုံးမှ ၉–၄–၂၀၁၉ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့် ဘူးသီးတောင်မြို့နယ် ရဲတပ်ဖွဲ့မှူးက ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပါဝင်သောအဖွဲ့တို့ဖြင့် ကွင်းဆင်းစစ်ဆေး၍ သစ်တောမြေအဖြစ်မှ ပယ်ဖျက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ၂၂–၇–၂၀၁၉ ရက်စွဲပါစာဖြင့် နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်တင်ပြခဲ့ပါတယ်။ ထိုကဲ့သို့ ပြန်လည်

တင်ပြမှုအပေါ် ၁၀-၉-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉)တွင် သစ်တောကြိုးဝိုင်းများ အတွင်းကျရောက်လျက်ရှိသော သစ်တောကျေးရွာဧရိယာ (၅)ကေနှင့် ဝါးနက်ရုံကျေးရွာဧရိယာ (၆)ကေတို့အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်း နှင့်အညီ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

သို့ဖြစ်ပါ၍ မေယုကြိုးဝိုင်း အကွက်အမှတ် (၂၁)ရှိ လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာအုပ်စု၊ သစ်တောကျေးရွာမြေ (၅)ကေအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီးပါက သစ်တောကျေးရွာအား ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက တရားဝင် အမည်ပေါက်ကျေးရွာအဖြစ် ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ရဲ့ ဒုတိယ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စေတောင်ကျေးရွာအုပ်စုအား စည်တောင်ကျေးရွာ အုပ်စုအဖြစ် ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ စည်တောင်ကျေးရွာအုပ်စုအဖြစ် အမည်ပေါက်ရရှိရေး အမှုတွဲဖွင့်လှစ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ ဆက်လက်၍ ဘူးသီးတောင်မြို့နယ်၊ လေှမ်းပြင်ကျေးရွာအုပ်စုအား ငွေတောင်ကျေးရွာ အုပ်စုအဖြစ် ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်း၍လည်း လေှမ်းပြင်ကျေးရွာအုပ်စု တစ်ရွာတစ်အုပ်စုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအုပ်စုဖြစ်ပြီး အရပ်အခေါ် ငွေတောင်ကျေးရွာဟု ခေါ်ကြသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမည်ပေါက် စာရင်းမှာတော့ လေှမ်းပြင်ကျေးရွာအုပ်စုဖြစ်ကာ အမည်ပေါက်နေခြင်းအား ငွေတောင်ကျေးရွာ အုပ်စုအဖြစ် အမည်ပေါက်ရရှိရေး အမှုတွဲဖွင့်လှစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။ ဆက်လက်၍ ဘူးသီးတောင်မြို့နယ်၊ စံဂိုးတောင်ကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာအား မူလအမည်မှန်ဖြစ်တဲ့ အောင်ဇေယျကျေးရွာအဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်

ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်း၍လည်း စံဂိုးတောင်ကျေးရွာအုပ်စု၊ အောင်ဇေယျကျေးရွာအဖြစ် အမည်ပေါက်ရရှိရေး အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာတော့ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိတဲ့အတွက် ၎င်းကျေးရွာအုပ်စုနဲ့ ကျေးရွာများအတွင်း နေထိုင်သူများမှာ အခြားသောဒေသများသို့ နေရပ်စွန့်ခွာ တိမ်းရှောင်ခိုလှုံနေကြရသောကြောင့် ကျေးရွာအချက်အလက်စာရင်းများကောက်ယူရန် အခက်အခဲများရှိခြင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း၊ ၎င်းကျေးရွာအုပ်စုများသို့ သွားရောက်၍ မြေပြင်ကွင်းဆင်းဆောင်ရွက်ရန် ခက်ခဲခြင်းတို့ကြောင့် လတ်တလောအခြေအနေမှာတော့ ဆောင်ရွက်ရန် အခက်အခဲများရှိနေပါကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းလာပါက အဆိုပါ ကျေးရွာများအား အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ယနေ့အချိန်တွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသော ပုံနှိပ်မီဒီယာများဈေးကွက်တွင် အရှုံးပေါ်ကာ ဆက်လက်ထုတ်ဝေရန် မတတ်နိုင်တော့ဘဲ တစ်စောင်ပြီးတစ်စောင် ပိတ်သိမ်း ရပ်စဲနေကြရပါသဖြင့် ပုံနှိပ်မီဒီယာလောက ပြန်လည်ထူမတ်လာစေရန်အတွက် မည်သို့ကူညီ ပံ့ပိုးဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၄။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ယနေ့အချိန်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စတဲ့ ပုံနှိပ်မီဒီယာတွေဟာ

ဈေးကွက်မှာ အရှုံးပေါ်နေပြီးတော့ ဆက်လက်ထုတ်ဝေရန် မတတ်နိုင်တော့ဘဲ တစ်စောင်ပြီး တစ်စောင် ပိတ်သိမ်းရပ်စဲနေကြရပါတယ်။ အဲဒီလို ပိတ်သိမ်း ရပ်စဲနေရတဲ့အတွက် ပုံနှိပ်မီဒီယာ လောက ပြန်လည်ထူမတ်လာနိုင်ဖို့အတွက် နိုင်ငံတော်အနေနဲ့ ဘယ်လိုကူညီ ဆောင်ရွက်ပေးမယ် ဆိုတာကို သိရှိလိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေရာမှာ ပြောချင်တာကတော့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စတဲ့ Printed Media , Printed Media ဆိုတာက အထူးသဖြင့် ပုဂ္ဂလိက မဂ္ဂဇင်း၊ ဂျာနယ်တွေကို ရည်ညွှန်းပြီးပြောချင်တာပါ။ မြန်မာနိုင်ငံမှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ဆိုတဲ့ ပုဂ္ဂလိက Printed Media တွေဟာ လွတ်လပ်ရေး ရကတည်းကစပြီးတော့ လွတ်လပ်ရေး တိုက်ပွဲတစ်လျှောက်မှာရော၊ လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှာရော ပြည်သူလူထုကို သတင်းမှန် တွေကို အချိန်နှင့်တစ်ပြေးညီပေးတယ်။ နောက်ပြီးတော့ ပြည်သူတွေကို အသိပညာပေးတယ်။ ဗဟုသုတ တွေပေးတယ်။ မတရားမှုတွေ၊ မသမာမှုတွေကိုလည်း ဖော်ထုတ်ရာမှာ လွန်စွာအရေးပါခဲ့ ပါတယ်။

ဒါပေမဲ့ လွန်ခဲ့တဲ့ မကြာသေးမီကာလအတွင်းမှာတော့ အင်တာနက် လူမှုကွန်ရက်တွေ ပေါ်ပေါက်လာတယ်။ အွန်လိုင်းမီဒီယာတွေ ပေါ်ပေါက်လာတယ်။ Facebook, Twitter, Google, YouTube စတဲ့ ကွန်ရက်တွေပေါ်ပေါက်လာတာကတစ်ကြောင်း နောက်ပြီး ကုန်ထုတ်လုပ်မှုစရိတ်၊ မီဒီယာထုတ်လုပ်မှုစရိတ်တွေ မြင့်တက်လာတာကတစ်ကြောင်းကြောင့် ပုဂ္ဂလိကမီဒီယာတွေဟာ ကျဆင်းသွားပြီး တစ်စောင်ပြီးတစ်စောင် ပိတ်နေရပါတယ်။ ဒီနေ့ဆိုရင် လက်ချိုးရေလို့ရတဲ့အခြေ အနေမျိုးရှိနေပါတယ်။ ဒါပေမဲ့ ပြောရမယ်ဆိုလို့ရှိရင်တော့ မီဒီယာဆိုတာ နိုင်ငံတကာမှာ အိမ်နီးချင်း နိုင်ငံတွေမှာတောင် ယိုးဒယား၊ ထိုင်းလို နေရာတွေမှာတောင်မှ ပုဂ္ဂလိကမီဒီယာပဲ ရှိပါတယ်။ အစိုးရ မီဒီယာ မရှိပါဘူး။ အဲဒီတော့ ဒီမိုကရေစီနိုင်ငံ တော်တော်များများမှာ ဒီအစိုးရက မီဒီယာလုပ်ငန်းကို မကိုင်နိုင်ဘူး။ ပုဂ္ဂလိကကိုပဲ လွတ်လပ်စွာထုတ်ဝေခွင့် ပေးထားပါတယ်။ အဲဒီတော့ ပုဂ္ဂလိကမီဒီယာ တွေက အစိုးရမီဒီယာတွေနဲ့ ယှဉ်ပြိုင်စရာ မလိုဘူး။ လွတ်လွတ်လပ်လပ်နဲ့ ဖွံ့ဖြိုးနိုင်တယ်။ တကယ် ကလည်း နိုင်ငံတစ်နိုင်ငံမှာ ပုဂ္ဂလိကမီဒီယာတွေ ရှင်သန်ကြီးထွားမှသာလျှင် ဒီမိုကရေစီဟာ အောင်မြင်တယ်၊ ဒီမိုကရေစီဟာ ကျယ်ပြန့်လာနိုင်ပါတယ်။ အဲဒါကြောင့် ပုဂ္ဂလိကမီဒီယာတွေကို ပိုပြီးတော့ အားပေးဖို့လိုပါတယ်။

ဥပမာဆိုလို့ရှိရင် ဆိုရှယ်မီဒီယာတွေ ဆိုတာကတော့ ကောင်းတာတွေလည်းရှိတယ်။ နည်းပညာတိုးတက်မှု ဖြစ်လာပြီးတော့ ဆိုရှယ်မီဒီယာတွေ ပေါ်ပေါက်လာတဲ့နေရာမှာ လူထုဟာ သတင်းတွေကို အမြန်ဆုံး သိနိုင်တယ်။ အချိန်နှင့်တစ်ပြေးညီ သိနိုင်တယ်။ သတင်းဆက်သွယ်မှု ကွန်ရက်ကလည်း ကြီးထွားတယ်။ သို့သော် မကောင်းတာတွေလည်းရှိတယ်။ Cyber bullying တို့ ကျွန်တော်တို့ Fake News တွေ ပေါ်လာတယ်။ တချို့နိုင်ငံတွေမှာဆိုလို့ရှိရင် ရွေးကောက်ပွဲ အနိုင်ရဖို့

အတွက် ဆိုရှယ်မီဒီယာကို လက်ဝါးကြီးအုပ်ပြီးတော့ ငွေကြေးအမြောက်အမြား သိန်း၊ သန်း၊ ထောင်နဲ့ချီ သုံးပြီး Lobby Teams တွေဖွဲ့ပြီးတော့ အသာစီးယူတာတွေလည်းရှိတယ်။ အဲဒီတော့ အဲဒါမျိုးတွေက ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော် ဆိုလိုတာကတော့ ဒီမိုကရေစီထူထောင်ရာမှာ ပုဂ္ဂလိကမီဒီယာတွေ လိုအပ်ပါတယ်။ အဲဒီတော့ ပုဂ္ဂလိကမီဒီယာတွေကို အစိုးရအနေနဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလိုဟာမျိုးမှာ ပိုပြီးတော့ သတင်းစာတွေ၊ စာစောင်တွေ၊ ဂျာနယ်တွေကို ဝယ်ယူခြင်းအားဖြင့် အားပေးနိုင်သလို ကျန်တာကလည်း ပုံနှိပ်ပစ္စည်းတွေ၊ စက်ပစ္စည်းတွေကို Input တင်သွင်းတဲ့ပစ္စည်းတွေကို အခွန်အခ လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပုဂ္ဂလိကမီဒီယာတွေ အားကောင်းအောင်လို့ ဘယ်လိုလုပ်ပေးနိုင်မလဲ ဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရုံးများတွင် ဦးစီးအရာရှိ ရာထူးအဆင့်ရှိ ဝန်ထမ်းများနှင့် ခရိုင်ရုံးများတွင် လက်ထောက်ညွှန်ကြားရေးမှူး ရာထူးအဆင့်ရှိပုဂ္ဂိုလ်များ တာဝန်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ယနေ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရုံးများမှာ ဦးစီးအရာရှိအဆင့် ရာထူးရှိတဲ့ ဝန်ထမ်းများနဲ့ ခရိုင်ရုံးများမှာ လက်ထောက်ညွှန်ကြားရေးမှူးအဆင့် ရာထူးရှိတဲ့ဝန်ထမ်းများကို ခန့်ထားဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကြောင်းရင်းကို အနည်းငယ် ရှင်းပြလိုပါတယ်။ ယနေ့ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ မူဝါဒနဲ့ အကောင်အထည်ဖော်ရန်ရှိတဲ့လုပ်ငန်းများကို ပြည်သူများသို့ ပြန်ကြား အသိပေးတဲ့လုပ်ငန်းများကို လုပ်ကိုင်တဲ့အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ယနေ့ နိုင်ငံရဲ့ နိုင်ငံ့အရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ နိုင်ငံရဲ့အရေးမှန်သမျှကို ပြည်သူနဲ့ အစိုးရတို့အကြား ပြန်ကြားဆက်ဆံပေးနေတဲ့ အစိုးရအတွက် အရေးပါတဲ့ ဌာနတစ်ခုလည်း ဖြစ်ပါတယ်။ ဒီနေ့ပြောင်းလဲလာတဲ့ ဒီမိုကရေစီစနစ်နဲ့အညီ လူထု

အခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲပြီးတော့ အများပြည်သူအချင်းချင်း ဆက်ဆံရေးနဲ့ ပြည်သူနဲ့ အစိုးရအကြား ထိတွေ့ဆက်ဆံပေးတဲ့ဌာနကြီးလည်း ဖြစ်ပါတယ်။ ဒီနေ့ မြို့နယ်အသီးသီးမှာ အခါ အားလျော်စွာဖွဲ့စည်းတဲ့ အဖွဲ့အသီးသီးမှာလည်း အဖွဲ့ဝင်အဖြစ် ပူးပေါင်းဆောင်ရွက်နေတဲ့အဖွဲ့ ဖြစ်ပါတယ်။

ယနေ့ အခြားဌာနများနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ ဦးစီးဌာနရဲ့ ဝန်ထမ်းများကို အခြား ဌာနရဲ့ ဝန်ထမ်းများနည်းတူ ရာထူးအဆင့်ရှိရန် လိုအပ်မှာဖြစ်ပါတယ်။ ယနေ့ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှာရှိတဲ့ မြို့နယ်အဆင့်များမှာ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်၊ ဝန်ထမ်းတစ်ဦး ခန့်ထားဆောင်ရွက်နေချိန်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှာ မြို့နယ်အရာရှိ အဖြစ် ဒုတိယဦးစီးမှူးအဆင့်နဲ့ ခရိုင်အရာရှိအဖြစ် ဦးစီးအရာရှိအဆင့်သာ ခန့်ထားဆောင်ရွက်လျက် ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

ထို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ သတင်းရယူခြင်းတွေ၊ အခြားဌာနနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းအခက်အခဲတွေ ဖြစ်ပေါ်လျက် ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ မြို့နယ်အရာရှိအဖြစ် ဦးစီးအရာရှိ ရာထူးအဆင့်နဲ့ ခရိုင်ရုံးများမှာ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးအဆင့် ဝန်ထမ်းများ ခန့်ထားပေးလျှင် ဒီနေ့ ဌာနက ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းများ ပိုမို အောင်မြင်ပြီးတော့ အစိုးရအတွက် များစွာ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါသောကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၁။**

**ဦးအောင်လှထွန်း (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ရဲ့ မေးခွန်းကို ပထမဦးစွာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့အချိန်တွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသော ပုံနှိပ်မီဒီယာများ ဈေးကွက်တွင် အရှုံးပေါ်ကာ ဆက်လက်ထုတ်ဝေနိုင်ရန်မတတ်နိုင်တော့ဘဲ တစ်စောင်ပြီးတစ်စောင် ပိတ်သိမ်း ရပ်စဲနေရပါသဖြင့် ပုံနှိပ်မီဒီယာလောက ပြန်လည်ထူမတ်လာစေရန်အတွက် မည်သို့ကူညီ ပံ့ပိုးဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီး ဦးရဲထွဋ် ကို အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ အလားတူ ကြယ်ပွင့်ပြမေးခွန်းမျိုးဖြစ်တဲ့ ပုဂ္ဂလိကသတင်းစာများ အားကောင်းမောင်းသန် ရှင်သန်ရပ်တည်သွားနိုင်ရေးအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှု အစီအမံများ ပြည်ထောင်စုအစိုးရထံတွင် ရှိ/မရှိနှင့် ရှိသည်ဆိုပါက ယင်းအစီအမံများအကြောင်း အသေးစိတ်သိရှိလိုခြင်းဆိုသည့်မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် က မေးမြန်းခဲ့လို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ၂၉-၃-၂၀၁၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သတ္တမပုံမှန်အစည်းအဝေးမှာ ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကိုယ်စားလှယ်တော်ကြီး ဦးရဲထွဋ် တင်ပြသွားတဲ့အတိုင်း ယနေ့အချိန်တွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသော ပုံနှိပ်မီဒီယာများဈေးကွက်တွင် အရှုံးပေါ်ကာ ဆက်လက်ထုတ်ဝေနိုင်ရန် မတတ်နိုင်တော့ဘဲ တစ်စောင်ပြီးတစ်စောင် ပိတ်သိမ်း ရပ်စဲနေကြရတယ်ဆိုတာ မှန်ကန်ပါတယ်ခင်ဗျား။ သို့သော် ဤပြဿနာဟာ မြန်မာနိုင်ငံ ပုံနှိပ်မီဒီယာလောကတစ်ခုတည်းက ကြုံတွေ့နေရတာမဟုတ်ဘဲ နိုင်ငံတကာ ပုံနှိပ်မီဒီယာလောက တစ်ခုလုံးကရင်ဆိုင်နေရတဲ့ ဘုံစိန်ခေါ်မှုကြီးတစ်ခုဖြစ်ကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ အခု မြန်မာနိုင်ငံ၏ လက်ရှိ ပုံနှိပ်မီဒီယာများအခြေအနေကို အနည်းငယ် ရှင်းလင်းတင်ပြခွင့် ပြုစေလိုပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း ဥပဒေအရ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လကုန်အထိ သတင်းစာ (၄၇)စောင်၊ ဂျာနယ် (၅၈၉)စောင်၊ မဂ္ဂဇင်း (၄၉၄)အုပ်၊ အထွေထွေထုတ်ဝေခြင်းလုပ်ငန်းရှင် (၁၇၅၃)ဦးနှင့် အင်တာနက် အသုံးပြုပြီး သတင်းဖြန့်ချိရေးလုပ်ငန်းလုပ်ကိုင်တဲ့ အွန်လိုင်းသတင်းအေဂျင်စီလုပ်ငန်း (၃၀၉)ခုတို့ကို ခွင့်ပြုထားရှိခဲ့ပြီးဖြစ်ပါတယ်။ သို့သော် လက်ရှိအခြေအနေမှာတော့ သတင်းစာ (၂၃)စောင်၊ ဂျာနယ်စောင်ရေ (၆၀)၊ မဂ္ဂဇင်း (၂၃)အုပ်တို့သာ ဈေးကွက်မှာ ရပ်တည်လျက်ရှိတာတွေ့ရလို့ ပုံနှိပ်မီဒီယာများ ထိခိုက်ကျဆင်းလာနေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ အွန်လိုင်းသတင်း အေဂျင်စီလုပ်ငန်းတွေကတော့ (၃၂၁)ခုအထိ လည်ပတ်လုပ်ကိုင်လျက်ရှိတာတွေ့ရပြီး အွန်လိုင်းသတင်း မီဒီယာများမှ တစ်ဆင့် ပြည်သူများရဲ့ သတင်းအချက်အလက် ရယူသုံးစွဲမှု တိုးတက်လာနေတယ် ဆိုတာကိုလည်း တွေ့မြင်နိုင်ပါတယ်။

ယခုဆက်လက်ပြီး စက္ကူအသုံးပြု ပုံနှိပ်သတင်းစာလုပ်ငန်း ကျဆင်းလာရပုံကို အနည်းငယ် သုံးသပ်တင်ပြခွင့် ပြုစေလိုပါတယ်။ ပုံနှိပ်သတင်းစာများ ရပ်တည်ရေးအတွက် အဓိကဝင်ငွေကို သတင်းစာများ ရောင်းချခြင်းနှင့် သတင်းစာမှာဖော်ပြသည့် ကြော်ငြာများမှ ရရှိပါတယ်။ ပြည်သူ အများစုက သတင်းအချက်အလက် ရှာဖွေဖတ်ရှုခြင်းကို ပုံနှိပ်မီဒီယာများထက် ဘက်ပေါင်းစုံမှာ သာလွန်ကောင်းမွန်သည့် အွန်လိုင်းမီဒီယာများပေါ်တွင် ပိုမိုပြုလုပ်လာကြသဖြင့် သတင်းစာ ရောင်းချ ရာမှရသည့် ဝင်ငွေ များစွာကျဆင်းခဲ့ပါတယ်။ စီးပွားရေးကြော်ငြာအများစုမှာလည်း ကုန်ကျစရိတ် များစွာ သက်သာပြီး စည်းကမ်းတင်းကြပ်မှုလျော့နည်းကာ သုံးစွဲသူ လျင်မြန်စွာတိုးပွားလာနေတဲ့ အွန်လိုင်းမီဒီယာများသို့ ပြောင်းရွှေ့သွားကြသည့်အတွက် ကြော်ငြာများမှ ရရှိတဲ့ ဝင်ငွေကလည်း များစွာ ကျဆင်းလာရခြင်းဖြစ်ပါတယ်။

အကျိုးဆက်အနေဖြင့် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို ပုံနှိပ်သတင်းစာများ စီးပွားရေးအရ မရပ်တည်နိုင်ကြတော့ဘဲ တစ်စောင်ပြီးတစ်စောင် ပိတ်သိမ်းရပ်တန့်သွားခဲ့ကြပြီ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေလျက်ရှိတဲ့ နိုင်ငံပိုင်သတင်းစာများဟာလည်း ဒီစိန်ခေါ်မှုကြီးကြောင့် ဝင်ငွေများစွာ ကျဆင်းခဲ့ရပါတယ်။ ကမ္ဘာတစ်ဝန်း ယခုလို ပုံနှိပ်မီဒီယာများ ကျဆင်းသွားခဲ့ရတဲ့ အကြောင်းအရင်းကို ဆန်းစစ်ကြည့်မယ်ဆိုရင် ဒီဂျစ်တယ်နည်းပညာ တစ်ဟုန်ထိုး တိုးတက်လာပြီး တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများ ပိုမို ကျယ်ပြန့်လာ ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။ အနာဂတ်မှာ နည်းပညာများ ယခုထက် ပိုမို တိုးတက် ကောင်းမွန် လာမှာဖြစ်လို့ ပုံနှိပ်မီဒီယာများအနေဖြင့် ယခုထက်ပိုမိုကြီးမားတဲ့ နစ်နာဆုံးရှုံးမှုများ မလွဲမသွေ ကြုံတွေ့လာရမှာဖြစ်ပါတယ်။ ယခုနှစ်အစောပိုင်းက ကမ္ဘာအနှံ့ပြန့်ပွားလာ ခဲ့တဲ့ Covid – 19 ကူးစက်ကပ်ရောဂါ ဟန့်တားကာကွယ်ရေးအတွက် လူအများသွားလာနေထိုင်မှုကို ကန့်သတ်မှုများ ရှိလာခဲ့ခြင်းက နိုင်ငံတကာမှာ ပုံနှိပ်မီဒီယာများရဲ့ ကျဆင်းမှုကို ပိုမိုလျင်မြန်စေခဲ့ကြောင်း တွေ့ရှိ ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တခြားတစ်ဖက်မှာ ဒီဂျစ်တယ်နည်းပညာ အခြေခံတဲ့ အွန်လိုင်းမီဒီယာ ခေါ် New Media မီဒီယာအသစ်များရဲ့ အခန်းကဏ္ဍဟာ တစ်နေ့တခြား ပိုမို ကျယ်ပြန့်လာနေပြီး ရှေ့ဆက်ပြီးလည်း ပိုမိုအရေးပါလာမှာ ဖြစ်ပါတယ်။ ထင်ရှားတဲ့သာဓကအဖြစ် တစ်ခု တင်ပြရပါလျှင် မြန်မာနိုင်ငံမှာ လူကြိုက်အများဆုံး New Media Platform တစ်ခုဖြစ်တဲ့ Facebook လို့ခေါ်တဲ့ Social Media အသုံးပြုတဲ့သူအရေအတွက်ဟာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ကုန်မှာ (၂၂)သန်းကျော်ရှိခဲ့ရာမှ နောက် (၆)လအကြာ ဇူလိုင်လကုန်မှာ (၂၈)သန်းကျော်အထိ တစ်ဟုန်ထိုး တိုးတက်လာခဲ့တာကို တွေ့ရပါတယ်။ တစ်နည်းပြောရရင် နိုင်ငံ့လူဦးရေရဲ့ ထက်ဝက် ကျော်အထိဟာ Facebook Social Media ကို သုံးစွဲလျက်ရှိကြောင်း နိုင်ငံတကာ သုတေသန အစီရင်ခံစာများအရ သိရှိရပါတယ်။ နိုင်ငံတကာမှာ ပုံနှိပ် Media အများအပြားဟာ Media အသစ်သို့

ကူးပြောင်းသွားခဲ့ကြပြီးဖြစ်ပါတယ်။ တချို့လည်း ပုံနှိပ်မီဒီယာနှင့် မီဒီယာအသစ်ကို ပူးတွဲလုပ်ကိုင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ Online Media အဖြစ် စတင်ထူထောင်ပြီး အောင်မြင်စွာလည်ပတ်နေကြတဲ့ မီဒီယာတချို့ တွေ့မြင်လာရသကဲ့သို့ ယခုအချိန်အထိ ကြံ့ကြံ့ခံရပ်တည်နေကြတဲ့ ပုံနှိပ်မီဒီယာတချို့ကလည်း မီဒီယာသစ်အဖြစ် ကူးပြောင်းဖို့ ကြိုးပမ်းအားထုတ်နေကြတာကိုတွေ့ရလို့ ဝမ်းသာအားရဖြစ်ရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံပိုင် ပုံနှိပ်မီဒီယာများလည်း မီဒီယာအသစ်ကို ပူးတွဲဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့် ပတ်သက်လို့ ဖြေကြားရမယ်ဆိုပါက အရှိန်အဟုန်နဲ့ ကျဆင်းလာနေတဲ့ ပုံနှိပ်မီဒီယာအဖြစ် ရေရှည်ရပ်တည်နိုင်အောင် ကြိုးစားခြင်းထက် တစ်ဟုန်ထိုး တိုးတက်လာနေတဲ့ မီဒီယာအသစ်အသွင်နဲ့ ဆက်လက်ရှင်သန်နိုင်အောင် စနစ်တကျ ကြိုးစားဆောင်ရွက်ခြင်းဟာ မြန်မာ့မီဒီယာလောကကို ဆက်လက်ရှင်သန်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျတဲ့ တစ်ခုတည်းသောနည်းလမ်းဖြစ်တယ်လို့ အကြံပြုလိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းကို ခွဲခြားစဉ်းစားဖို့ လိုအပ်ပါတယ်။ ပုံနှိပ်လုပ်ငန်းဆိုတာ မီဒီယာလုပ်ငန်းလုပ်ကိုင်တဲ့ Platform တစ်ခုသာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်ပြောင်းလဲလာတဲ့အတွက်ကြောင့် အသစ်ဖြစ်ပေါ်လာတဲ့ New Platform တစ်ခု Platform အသစ်ဖြစ်တဲ့ အွန်လိုင်းကို မီဒီယာလုပ်ငန်းက ကူးပြောင်းသွားခြင်းသာဖြစ်ပါတယ်။ ကျဆင်းခဲ့တာဟာ မီဒီယာလုပ်ငန်း မဟုတ်ပါဘူးခင်ဗျား။ ကျဆင်းခဲ့တာက ပုံနှိပ်လုပ်ငန်းသာဖြစ်ပါတယ်။ သို့သော် မြန်မာပြည်တွင်းက Online Media လုပ်ကိုင်တဲ့သူတွေဟာ ထိုက်သင့်တဲ့ အကျိုးအမြတ်မရရှိနိုင်သေးတာကို တွေ့ရပါတယ်။ အဲဒါကို Facebook, Youtube, Google စတဲ့ Platform ပိုင်ရှင်တွေနဲ့ ပြည်တွင်းက Telephone Operator (၄)ခု စသည်တို့ကို ညှိနှိုင်းဆွေးနွေးပြီး ထိုက်သင့်တဲ့အမြတ်ဝေစုရရှိရန် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားခဲ့တဲ့ အစိုးရမီဒီယာများ မရှိအပ်ဘူးဆိုတဲ့ကိစ္စကို အနည်းငယ် ရှင်းလင်းခွင့် ပြုစေလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီနဲ့ သတင်းမီဒီယာလွတ်လပ်ခွင့်ဟာ အင်မတန် နုနယ်ပါသေးတယ်။ မူလက ဒီမိုကရေစီရော မီဒီယာလွတ်လပ်ခွင့်ရော ခိုင်မာခဲ့ပေမယ့် ၁၉၆၂ ခုနှစ်ကစပြီးတော့ ဒီမိုကရေစီနှင့် သတင်းမီဒီယာလွတ်လပ်ခွင့်နှစ်ခုလုံးဟာ ဆိတ်သုဉ်းခဲ့ပါတယ်။ အခု တစ်ကျော့ပြန် ဒီမိုကရေစီက ကလေးသာသာလောက်ပဲရှိပါတယ်။ မီဒီယာလုပ်ငန်းကလည်း (၇)နှစ် သားလောက်ပဲရှိပါသေးတယ်။ တစ်ချိန်တည်းမှာပဲ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ကာလမှာ စိန်ခေါ်မှုတွေဟာ အင်မတန်များပြားပါတယ်။ အဲဒါကြောင့် နိုင်ငံပိုင်မီဒီယာဟာ တစ်စုံတစ်ရာသောအတိုင်းအတာနဲ့ တည်ရှိသင့်ပါတယ်။ ဘာလို့ဆို မြန်မာအကြောင်းကို ကမ္ဘာကို တင်ပြတဲ့ မြန်မာ Narrative ကို လောလောဆယ်မှာ ပုဂ္ဂလိကမီဒီယာတွေကလည်း ဆောင်ရွက်နိုင်စွမ်း မရှိသေးပါ။ သို့သော် ပုဂ္ဂလိကမီဒီယာကို ပြုစု

ပျိုးထောင်ဖို့ လိုပါတယ်။ ပုဂ္ဂလိကမီဒီယာ ခိုင်မာရင့်သန်လာတဲ့တစ်နေ့ကျရင် နိုင်ငံပိုင်မီဒီယာဟာ တဖြည်းဖြည်း နောက်ဆုတ်သွားမှာဖြစ်ပါတယ်။

သို့သော် ကျွန်တော် တစ်ခု တင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးက ပြောသွားပါတယ်။ တချို့နိုင်ငံတွေမှာ နိုင်ငံပိုင်မီဒီယာ မရှိဘူးဆိုတာ အဲဒါဟာ အသေအချာ သုံးသပ်ကြည့်ရင် အပြည့်အဝမမှန်ကန်ဘူးလို့ ယူဆပါတယ်။ နိုင်ငံပိုင်မီဒီယာဟာ ပုံစံတစ်စုံတစ်ရာနဲ့ ရှိကြပါတယ်။ ဒီမိုကရေစီနိုင်ငံကြီးတွေမှာလည်း ရှိကြပါတယ်။ သို့သော် ပုံစံတစ်စုံတစ်ရာနဲ့ ရှိကြပါတယ်။ အသွင်အမျိုးမျိုးနဲ့ ရှိပါတယ်။ အနည်းဆုံးတော့ Public Service Media လို့ခေါ်တဲ့ နိုင်ငံတော်က Finance ပေးပါတယ်။ ဘဏ္ဍာငွေကြေး ထောက်ပံ့ပေးပါတယ်။ သို့သော် မီဒီယာရဲ့ မူဝါဒကို ဝင်ရောက်စွက်ဖက်ခြင်း မရှိပါဘူး။ အဲဒါလေးကို ဗဟုသုတအဖြစ် တင်ပြလိုပါတယ်။ နိုင်ငံပိုင်မီဒီယာဟာလည်း အသွင်ကူးပြောင်းတဲ့ကာလမှာ တစ်စုံတစ်ရာအထိရပ်တည်ဖို့ လိုအပ်တယ်ဆိုတာကို တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် အခုလို အသွင်ကူးပြောင်းဆောင်ရွက်ရာမှာ ကြုံတွေ့လာရမယ့် ပြဿနာအခက်အခဲ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းတဲ့နေရာမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများ ဆက်စပ်လုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပညာရှင်များ စသည်တို့နှင့် ချိတ်ဆက်လျက် လိုအပ်သည်များကို ပူးပေါင်းညှိနှိုင်း ကူညီဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရုံးများတွင် ဦးစီးအရာရှိ ရာထူးအဆင့်ရှိ ဝန်ထမ်းများနှင့် ခရိုင်ရုံးများတွင် လက်ထောက်ညွှန်ကြားရေးမှူး ရာထူးအဆင့်ရှိပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးကို ကျေးဇူးတင်ရှိပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ၃၁-၇-၂၀၂၀ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်ရုံး (၁၇)ရုံး၊ ခရိုင်ရုံး (၇၄)ရုံး၊ မြို့နယ်ရုံး (၂၅၆)ရုံးနှင့် မြို့ရုံး(၈၇)ရုံး စုစုပေါင်း (၄၃၄)ရုံးတို့ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ခရိုင်အဆင့် ဌာနအကြီးအကဲတာဝန်ကို ဦးစီးအရာရှိ ရာထူးဖြင့်လည်းကောင်း၊ မြို့နယ်အဆင့်ဌာနအကြီးအကဲတာဝန်ကို ဒုတိယဦးစီးမှူး ရာထူးဖြင့်လည်းကောင်း ခန့်အပ် တာဝန်ပေးအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများဟာ ပြန်ကြားရေးဝန်ကြီးဌာနက

ချမှတ်ခဲ့တဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ ရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အောက်ခြေတွင် အဓိကတာဝန်ကို ယူနေရသည့်လူများ ဖြစ်တဲ့အပြင် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်က ပေးအပ်တဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင်လည်း အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါတယ်။ ယင်းဦးစီးဌာနအနေနဲ့ တိုးတက်ပြောင်းလဲလာတဲ့ အခြေအနေများနှင့်အညီ လုပ်ငန်းတာဝန်များကို အဆင့်နှင့်လျော်ညီစွာ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ခရိုင်အဆင့် ဌာနအကြီးအကဲတာဝန်ကို လက်ထောက်ညွှန်ကြားရေးမှူး ရာထူးအဆင့်ဖြင့်လည်းကောင်း၊ မြို့နယ်အဆင့် ဌာနအကြီးအကဲတာဝန်ကို ဦးစီးအရာရှိ ရာထူးဖြင့်လည်းကောင်း ပြောင်းလဲပြင်ဆင် ဖွဲ့စည်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ၁၆-၂-၂၀၂၀ ရက်နေ့တွင် အဆိုပြု ညှိနှိုင်းခဲ့ပါတယ်။ ယခုအခါ နိုင်ငံ့ဝန်ထမ်း ဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ရေးနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၃၀-၇-၂၀၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၀)ဖြင့် လိုက်နာဆောင်ရွက်ရမည့်ကိစ္စများအား ထုတ်ပြန်ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ ဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ရန် ကိစ္စများကို ယင်းအမိန့်ကြော်ငြာစာနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးလိုက်ပါ။ မိုက်ပေးလိုက်ပါ။

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ဆက်စပ်မေးခွန်းမေးချင်လို့ပါ။ ကျွန်တော် မေးတဲ့မေးခွန်းထဲမှာ ဒီဂျစ်တယ်မီဒီယာကို ပုံနှိပ်မီဒီယာတွေက မပြောင်းလဲနိုင်မီ စပ်ကူးမပ်ကူးကာလမှာ ဘယ်လို နိုင်ငံတော်အနေနဲ့ ကူညီပံ့ပိုးပေးနိုင်မလဲဆိုတာကို မေးချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေပေးလိုက်ပါ။

**ဦးအောင်လှထွန်း (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ဒီဂျစ်တယ်မီဒီယာကို ယခုအခါမှာ မြန်မာ မီဒီယာတွေ တော်တော်များများဟာ အရှိန်အဟုန်နဲ့ ပြောင်းလဲလျက်ရှိပါတယ်။ တချို့မီဒီယာအသစ်တွေဆိုရင် ပုံနှိပ်က မစတင်တော့ဘဲ တစ်ခါတည်း စကတည်းကကို Online မီဒီယာအဖြစ် စတင်ပြီး တော့လည်ပတ်နေတာကို တွေ့ရပါတယ်။ ပုံနှိပ်မီဒီယာတချို့ ကျန်နေတာဟာ ပုံနှိပ်ခြင်းနှင့် မီဒီယာ လုပ်ငန်းတွဲပြီးတော့ လည်ပတ်နေတာဖြစ်ပါတယ်။ ပုံနှိပ်လုပ်ငန်းကို ကူညီဖို့အတွက် ယခုဆောင်ရွက်နေတဲ့ကိစ္စတွေရှိပါတယ်။ Covid Relief နဲ့ ပတ်သက်တဲ့ အထူးချေးငွေပေးတဲ့ကိစ္စတွေ ရှိပါတယ်။ အခွန်အကောက်တွေ လျှော့ပေးတဲ့ကိစ္စတွေရှိပါတယ်။ အဲဒီကိစ္စရပ်များကို ကိုယ်စားလှယ်တော်ကြီး

အနေနဲ့ သက်ဆိုင်ရာ လုပ်ငန်းရှင်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီး ဌာနကို အကြောင်းကြားလာမယ်ဆိုရင် လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မောင်တောမြို့နယ်၊ (ဒု)ချီးရားတန်း ကျေးရွာအုပ်စုအတွင်း ဇောမိကုန်း လျှိုပိတ်ဆည်ငယ် တည်ဆောက်ရာ၌ ဇောမိကုန်းကျေးရွာနှင့် ကံသာယာကျေးရွာတို့မှ သိမ်းဆည်းရာတွင် ပါဝင်သော လယ်ယာမြေနှင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ လျော်ကြေး၊ နှစ်ရှည်ပင်အတွက် နစ်နာကြေး မြေပြန်လည်အစားထိုး ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၆။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မောင်တောမြို့နယ်၊ (ဒု)ချီးရားတန်း ကျေးရွာအုပ်စုအတွင်း ဇောမိကုန်းလျှိုပိတ်ဆည်ငယ် တည်ဆောက်ရာ၌ ဇောမိကုန်း ကျေးရွာနှင့် ကံသာယာကျေးရွာတို့မှ သိမ်းဆည်းရာတွင် ပါဝင်သော လယ်ယာမြေနှင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ လျော်ကြေး၊ နှစ်ရှည်ပင်အတွက် နစ်နာကြေး မြေပြန်လည်အစားထိုး ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့နယ်၊ (ဒု)ချီးရားတန်း ကျေးရွာအုပ်စုအတွင်း ဇောမိကုန်း ကျေးရွာနှင့် ကံသာယာကျေးရွာတွင် နေထိုင်သော တောင်သူများထံမှ လယ်ယာမြေနှင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း၊ လျှိုပိတ်ဆည်ငယ် တည်ဆောက်ရန်အတွက် သိမ်းဆည်းခံခဲ့ရပါတယ်။

သိမ်းဆည်းခံ ထိုမြေများပေါ်တွင် ဆည်မြောင်းဦးစီးဌာနမှ လျှိုပိတ်ဆည်ငယ်တည်ဆောက် ရာတွင် ပုံစံ(၇) ရရှိထားသော တောင်သူ(၈)ဦးပိုင် လယ်ယာမြေဧက (၁၆.၅၀)ဧကခန့် ပါဝင်ပြီး ၎င်းအပြင် သစ်တောကြိုးဝိုင်းအတွင်း သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဒေသအစုအဖွဲ့ပိုင် (CF) စိုက်ခင်း (၁၁)ဧကခန့် ပါဝင်သွားခဲ့ပါတယ်။ ၎င်းလယ်ယာမြေမှာ နှစ်သီးစားလယ်ယာမြေများ ဖြစ်ကြပါတယ်။ အဆိုပါ သိမ်းဆည်းခံ ပြည်သူများမှာ ထိုမြေများကို မိသားစုစားဝတ်နေရေး ပြေလည်ရန်အတွက် လည်းကောင်း ပညာရေး၊ ကျန်းမာရေး၊ အခြားလိုအပ်သည့် ကိစ္စရပ်များအတွက်လည်းကောင်း၊ ဘဝရပ်တည်ရန်အတွက်လည်းကောင်း လုပ်ကိုင်စားသောက်လာခဲ့သော်လည်း ယခုအခါ သိမ်းဆည်း ခံရသည့်အတွက် အခက်အခဲကြုံနေရခြင်းအပေါ် ပိုင်ရှင်အမည်ပေါက်ဖြစ်သော လယ်ယာမြေအား လုပ်ထုံးလုပ်နည်းနှင့်အညီ လျော်ကြေး၊ နစ်နာကြေး၊ မြေ ပြန်လည်အစားထိုး ဖြေရှင်းဆောင်ရွက် ပေးရန် လိုအပ်နေပါတယ်။

သိမ်းဆည်းထားသည့်မြေများအား ပြန်လည် အစားထိုး ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာအနီးစပ်ဆုံးနေရာ၌ လုပ်ကိုင်စားသောက်နိုင်သည့် မြေယာများ ဖြေရှင်းပေးရန် လိုအပ်မည် ဖြစ်ပါတယ်။ မြို့နှင့် (၂)မိုင်ခန့်ကွာဝေးသည့် သိမ်းဆည်းမြေများ ဖြစ်ကြပါသည်။ ထိုမြေ၏ မြေလျော် ကြေးနှင့်ပတ်သက်၍ မြေ၏ ကာလတန်ဖိုး လိုအပ်မည်ဖြစ်ပါသည်။ ထိုမြေ၏ ကာလတန်ဖိုး သတ်မှတ်ရန် အခက်အခဲဖြစ်နေလျှင် ထိုမြေနှင့် အနီးစပ်ဆုံးမြေ၏ တန်ဖိုးနှင့်အညီ ဖြေရှင်း ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဗောဓိကုန်း လျှိုပိတ်ဆည်ငယ် တည်ဆောက်ရာတွင် ပါဝင်သော ဧကနှင့် စိုက်ပင်အရေအတွက် တန်ဖိုးငွေကျပ်ကို မေးခွန်းနှင့်အတူ ပူးတွဲ တင်ပြထားပါသည်။ တစ်ပါတည်း မေးလိုတာကတော့ လျော်ကြေးငွေ ပေးမည်ဆိုပါက ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ သိမ်းဆည်းခံ တောင်သူများ၊ ကျေးရွာအုပ်စု လယ်ယာမြေတောင်သူများ စုပေါင်းပြီး အစည်းအဝေးပြုလုပ်ပြီး လျော်ကြေးငွေ၏ ကာလတန်ဖိုး သတ်မှတ်ရန်အတွက် ဝန်ကြီးဌာနမှ ညွှန်ကြားချက်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြိတ်တောင်ကျေးရွာ၊ အင်းလေးမြိုင်ရပ်ကွက်၊ စက်မှုဇုန် အတွင်းရှိ ငါးအမှုန့်ကြိတ်စက်ရုံများအား အပြီးအပိုင်ပိတ်သိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် နှစ်စဉ် နိုင်ငံတော်သို့ အခွန်မည်မျှ ထမ်းဆောင်နေရသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၉။**

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် လူဦးရေ (၉၀၀၀၀)ခန့် နေထိုင်ကြပြီး ယခု မဲစာရင်းကပ်ရာတွင် မဲပေးနိုင်သူဦးရေ (၄၀၀၀၀)ခန့်ရှိတဲ့ မြိတ်တောင်နယ်မြေနှင့် မြိတ်တောင်ကျေးရွာအုပ်စု ထိစပ်နေသော အင်းလေးမြိုင်ရပ်ကွက်ရှိ ငါးအမှုန့်ကြိတ်စက်ရုံများကို ၁၉၉၅ – ၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ပြီး တိရစ္ဆာန်အစာထုတ်လုပ်ခဲ့ပါတယ်။ စက်ရုံကုန်ကြမ်းအဖြစ် အရွယ်မရောက်သေးတဲ့ ငါးအသေးလေးများ ဝယ်ယူအသုံးပြုနေကြတဲ့အတွက် ငါးဖမ်းခြင်းလုပ်ကိုင်နေကြသူများမှာ ဈေးကွက်ကြီးတစ်ခုအဖြစ် ငါးသေးငါးမွှားများကို နည်းမျိုးစုံဖြင့် ဖမ်းယူရောင်းချနေကြပါတယ်။ ဒါကြောင့် အရွယ်ရောက်ငါးကြီးတွေရော တန်ဖိုးရှိ အရွယ်မရောက်သေးတဲ့ငါးသေးလေးများကိုပါ တစ်ပြိုင်နက် အမြောက်အမြား ရောထွေး ဖမ်းဆီးမှုကြောင့် ငါးအရင်းအမြစ် ပြုန်းတီးစေပါတယ်။ တကယ်တော့ ငါးအသေးများဟာ ငါးအကြီးများရဲ့ အစာတွေဖြစ်ပြီး ငါးသေးမရှိရင်တော့ ငါးကြီးတွေလည်းလာတော့မှာမဟုတ်တဲ့အတွက် ငါးစားကျက်တွေလည်း ပျောက်ကွယ်၊ ငါးသယံဇာတ ဆုံးပါးစေသည့် အဓိကအကြောင်းအရင်း တစ်ခုပဲဖြစ်တယ်။ တခြားနိုင်ငံများရှိ ငါးအမှုန့်ကြိတ်စက်ရုံများတွင် ငါးလေလံဈေးမှ စွန့်ပစ်ပစ္စည်းများဖြင့်သာ စက်ရုံ လည်ပတ်သည်ကို သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်ကြမ်းပစ္စည်းများ အခြောက်ခံရန် ဘွိုင်လာအသုံးပြုအင်ဂျင်လည်ပတ်ရန် ဒီဇယ်လောင်စာဆီမသုံးဘဲ ရော်ဘာထင်း၊ ဒီရေတောထင်း၊ တောင်ပေါ်ထင်းများကို လောင်စာအဖြစ် ကာလကြာ အလွန်အကျွံသုံးစွဲခြင်းတို့ကြောင့် သစ်တောများ ပြုန်းတီး၍ သဘာဝပတ်ဝန်းကျင် ထိခိုက်စေပါတယ်။ စက်ရုံများ ကုန်ချောထုတ်လုပ်ရာတွင် မလတ်ဆတ် အရည်အသွေးညံ့ဖျင်းတဲ့ ငါးအသေးအမွှားများ အသုံးပြုခြင်း အနံ့အသက်ထွက်ရှိမှု နည်းသည်ထက်နည်းအောင် ခေတ်မီနည်းပညာကိရိယာများ အသုံးမပြုခြင်းတို့ကြောင့် အနံ့အသက်ဆိုးများ ဖြစ်ပေါ်စေကာ ပတ်ဝန်းကျင်လေထုညစ်ညမ်းစေ၍ မြို့နေပြည်သူများ အနံ့အသက်ဆိုးများ ရှူရှိုက်နေကြရတာ နှစ်ပေါင်း (၂၀)ကျော်ကြာမြင့်လာပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဆိုးများ ကြုံတွေ့ခံစားနေကြရသည့်အပြင် ၎င်းအနံ့ဆိုးများကြောင့် တိုးတက်စပြုနေတဲ့ မြိတ်ဒေသ ခရီးသွားလုပ်ငန်းခရီးသွားဧည့်သည်များအတွက်လည်း များစွာ အနှောင့်အယှက် အဟန့်အတား ဖြစ်စေပါတယ်။

ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများလည်း ကွင်းဆင်းစစ်ဆေးခြင်း၊ စက်ရုံမှ တာဝန်ရှိသူများအား စက်ရုံလည်ပတ်၍ အနံ့ဆိုးများ ထပ်မံထွက်ရှိပါက စက်ရုံပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းညွှန်သတိပေးမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည့်အပြင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အနံ့ဆိုးများ ထပ်မံထွက်ရှိလာပါက သင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားထားပြီးဖြစ်တယ်။ သို့သော်လည်း စက်ရုံတာဝန်ရှိသူများမှ လိုက်နာဆောင်ရွက်မှုမရှိဘဲ တားမြစ်ချက်များ ချိုးဖောက်ကာ ဆက်လက်လုပ်ဆောင်နေသည့်အတွက် မြိတ်မြို့နယ်ပြည်သူတွေဟာ အနံ့ဆိုးများ ရှူရှိုက်နေကြရဆဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြိတ်မြို့၊ မြိတ်တောင်ကျေးရွာအုပ်စု၊ အင်းလေးမြိုင်ရပ်ကွက် စက်မှုဇုန်အတွင်းရှိ ငါးအမှုန့်ကြိတ်စက်ရုံများမှ အရွယ်အစားသေးငယ်သော ငါးများအား ကုန်ကြမ်းဖြစ် ဝယ်ယူအသုံးပြုနေကြသည့်အတွက် ငါးအရွယ်အစား အကြီးရော/အသေးပါ တစ်ပြိုက်နက် ဖမ်းဆီးနေကြခြင်းသည် ငါးအရင်းအမြစ် ပြုန်းတီးစေ၍ ငါးသယံဇာတ ရှားပါးလာခြင်း၊ ဘွိုင်လာအသုံးပြုအင်ဂျင်များအတွက် ဒီဇယ်လောင်စာမသုံးဘဲ ထင်းလောင်စာအသုံးပြုမှုကြောင့် သစ်တောများ ပြုန်းတီးလာ၍ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်း၊ စက်ရုံမှထွက်ရှိသည့် အနံ့ဆိုးများကို မြို့နေပြည်သူများ နှစ်ပေါင်းများစွာ ရှူရှိုက်နေကြရသည့်အတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်ရောဂါဖြစ်ပွားပြီး ကျန်းမာရေးထိခိုက်လာခြင်းတို့ကြောင့် အင်းလေးမြိုင်ရပ်ကွက်အတွင်းရှိ ၎င်းစက်ရုံများအား အပြီးအပိုင်ပိတ်သိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းလုပ်ငန်းများမှ နှစ်စဉ် နိုင်ငံတော်သို့ အခွန်မည်မျှ ထမ်းဆောင်နေရသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနအား မြိတ်မြို့နေပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၀၃။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း မေးမြန်းတဲ့ မောင်တောမြို့နယ် (ဒု)ချီးရားတန်းကျေးရွာအုပ်စုအတွင်းက ဖောမိကုန်း လျှိုပိတ်ဆည်တည်ဆောက်ရာမှာ ဖောမိကုန်းကျေးရွာနှင့် ကံသာယာကျေးရွာ သိမ်းဆည်းရာမှ ပါဝင်သွားတဲ့

လယ်ယာမြေတွေနှင့် အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းတွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ လျော်ကြေး၊ နှစ်ရှည်ပင်အတွက် နစ်နာကြေး မြေပြန်လည်အစားထိုး ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ (ဒု)ချီးရားတန်းကျေးရွာအုပ်စု ဇောမိကုန်းကျေးရွာအနီးမှာရှိတဲ့ ဇောမိကုန်းလျှပ်စစ်ဓာတ်အားဆည်ဟာ ၂၀၁၈ – ၂၀၁၉ ခုနှစ်အတွင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနဲ့ တည်ဆောက်ခဲ့တဲ့ ဒေသကထိန်းသိမ်းစီမံနေတဲ့ လျှပ်စစ်ဓာတ်အားဆည် တစ်ခုဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (**ICRC– International Committee Of the Red Cross**)ကနေ ရေပိုက်လိုင်းတွေ သွယ်တန်းပေးပြီးတော့ ဇောမိကုန်းကျေးရွာ၊ (၃)မိုင်ကျေးရွာနဲ့ မောင်တောမြို့နယ်မှာရှိတဲ့ လူဦးရေ (၁၄၀၀၀)ခန့်ကို သောက်သုံးရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါ လျှပ်စစ်ဓာတ်အားဆည် တည်ဆောက်ရေးဧရိယာမှာ ပါသွားတဲ့ လယ်ယာမြေတွေနဲ့ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတွေအတွက် ဇောမိကုန်းကျေးရွာနှင့် ကံသာယာကျေးရွာမှာရှိတဲ့ တောင်သူတွေဟာ နစ်နာကြေး၊ လျော်ကြေးတောင်းခံမှုရှိပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ ကွင်းဆင်းစစ်ဆေးချက်အရ လယ်ယာမြေဧရိယာ (၁၆.၅)ဧကနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကခွင့်ပြုထားတဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော Community Forestry ကတော့ (၄.၅)ဧက တို့ဟာ အဆိုပါ ဇောမိကုန်း လျှပ်စစ်ဓာတ်အားဆည်ရေဝပ်ဧရိယာအတွင်းမှာ ပါဝင်သွားကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ (၄.၅)ဧကဟာ မောင်တောမြို့နယ်၊ ဇောမိကုန်းကျေးရွာမှာရှိတဲ့ ဦးဖြူသာထွန်း ပါ အိမ်ထောင်စု (၂၅)စုကို ၂၁–၅–၂၀၁၂ ရက်နေ့ကနေ မောင်တောမြို့နယ်၊ မေယုသစ်တောကြိုးဝိုင်း ကွင်းအမှတ် (၃၁)အတွင်းမှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအဖြစ် တည်ထောင်ခွင့်ပြုခဲ့တဲ့ ဧက(၅၀)ထဲက ပါဝင်သွားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသအကျိုးပြု သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်း တွေမှာပါသွားတဲ့ လယ်ယာမြေနှင့် အခြားမြေတွေအတွက် နစ်နာမှုများ ပြန်လည်လျှောက်ထား လာမှုများနှင့် ပတ်သက်ပြီး မူဝါဒ လမ်းညွှန်ချမှတ်ထားပြီးဖြစ်တဲ့အတွက်ကြောင့် ယင်းနှင့် စီမံဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတရုံးအနေနဲ့ကလည်း သိမ်းဆည်းခံရတဲ့ လယ်ယာမြေများနှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့ မြေယာမူဝါဒအတိုင်း ဆောင်ရွက်ပေးရန်ဖြစ်ပြီး နစ်နာကြေး ပေးရမယ်ဆိုရင် သိမ်းဆည်းခံ တောင်သူလယ်သမားတွေကို ၎င်းတို့ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က ဆည်မြောင်း၊ တာတမံများ ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း ရှင်းပြပြီးတော့မှ သင့်တင့်မျှတတဲ့ နစ်နာကြေးဖြစ်စေဖို့ မူဝါဒ လမ်းညွှန်မှု ပေးထားပြီးဖြစ်ပါတယ်။ အလားတူပဲ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

ရေးဝန်ကြီးဌာနအနေနဲ့ ၈-၅-၂၀၁၉ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ သူ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၉)အရ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွေမှာ အခြားစီမံကိန်းတွေ ဆောင်ရွက်မယ်ဆိုရင် သစ်တော၊ သစ်ပင်စိုက်ပျိုးသီးနှံတန်ဖိုးနှင့် ဆုံးရှုံးမှုတွေအတွက် လျော်ကြေး ပေးတောင်းဆိုနိုင်ကြောင်း ဖော်ပြပါတယ်။

သို့ဖြစ်တဲ့အတွက် ဖောခိကုန်း လျှိုပိတ်ဆည် ရေဝပ်ဧရိယာအတွင်း ပါသွားတဲ့ လယ်မြေ ဧရိယာ (၁၆.၅)ဧကအတွက် မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ နစ်နာကြေး၊ လျော်ကြေးပေးနိုင်ရေး တို့ကို ခရိုင်၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြပြီး ထိုမှတစ်ဆင့် ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ကို ဆက်လက်တင်ပြ စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း ရေဝပ်ဧရိယာအတွင်း ပါဝင်သွားတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ဧရိယာ (၄.၅)ဧကအတွက် လက်ရှိ တည်ထောင်ဆောင်ရွက် လျက်ရှိတဲ့ ဧရိယာနှင့် တစ်ဆက်တစ်စပ်တည်း ခွင့်ပြုနိုင်မယ့် မြေဧရိယာရှိရင် အစားထိုး ခွင့်ပြုနိုင် ရေးကို စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝေ ရဲ့ မေးခွန်းအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ အင်းလေး မြိုင်ရပ်ကွက်အတွင်းမှာရှိတဲ့ ငါးမှုန့်စက်ရုံ (၄)ရုံအနေနဲ့ စွန့်ပစ်ငါး ပါကေး သို့မဟုတ် ဂေါ်ထိုး ငါးငယ်တွေကို ဘွိုင်လာစက်နှင့် ပေါင်းခံကြိတ်ခွဲပြီးတော့ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်အစားအစာ ထွက်သုံး ငါးမှုန့်တွေထုတ်တဲ့စက်ရုံများ ရှိကြပါတယ်။

မိမိတို့ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့နဲ့အတူ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက် နိုင်ရေးအတွက် စီမံဆောင်ရွက်တဲ့အခါမှာ ငါးမှုန့်ကြိတ်စက်ရုံတွေက အနံ့ဆိုးထွက်တာနဲ့ ပတ်သက် ပြီးတော့ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်တဲ့ ကွင်းဆင်းစိစစ်ရေးအဖွဲ့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၈-၁၁-၂၀၁၈ ရက်နေ့မှာ ဖွဲ့စည်းပြီးတော့ စစ်ဆေးဆောင်ရွက်စေလျက်ရှိတာကို သိရှိရပါတယ်။ ခရိုင်အဖွဲ့၊ မြို့နယ်စစ်ဆေးရေးအဖွဲ့၊ ကျေးရွာအုပ်စုစောင့်ကြည့်ရေးအဖွဲ့ ဆိုပြီးတော့ အဖွဲ့(၃)ဖွဲ့နဲ့ ဖွဲ့ပြီး လစဉ် ရှောင်တခင်စစ်ဆေးဆောင်ရွက်လျက်ရှိကြပါတယ်။ ကုမ္ပဏီတွေအနေနဲ့က စစ်ဆေးရေးအဖွဲ့ရဲ့ အကြံပြုချက်တွေအတိုင်း လိုက်နာဆောင်ရွက်နိုင်ဖို့အတွက်ကို ၅-၁၀-၂၀၁၈

ရက်နေ့မှာ တစ်ကြိမ်၊ ၂၂-၁-၂၀၂၀ ရက်နေ့မှာ တစ်ကြိမ် ကတိခံဝန်ချက် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းလည်း တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်ရုံကုန်ကြမ်း ငါးလတ်ခြင်း၊ မလတ်ခြင်း၊ အသုံးပြုတဲ့ ငါးကုန်ကြမ်း၊ အလေးချိန်၊ စက်ရုံလည်ပတ်ချိန် စတဲ့အချက်တွေကို အဓိကထားပြီး တစ်လကို နှစ်ကြိမ် ပုံမှန်စစ်ဆေးလျက်ရှိပါတယ်။ အဆိုပါ ငါးမှုန့်ကြိတ်စက်ရုံများနှင့် ပတ်သက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်း သက်သာစေရေးအတွက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာများဖြစ်တဲ့ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination –IEE)နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တို့ကို ရေးဆွဲတင်ပြဖို့ ညွှန်ကြားခဲ့မှုရှိပါတယ်။ ၂၄-၄-၂၀၂၀ ရက်နေ့ အဆိုပါ စက်ရုံတွေကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်တဲ့အခါမှာ လတ်ဆတ်မှုအားနည်းတဲ့ ကုန်ကြမ်းတွေနဲ့ဆောင်ရွက်ခဲ့တဲ့ မင်းဇာနည်ကုမ္ပဏီနှင့် အဆောင်ကောင်း ကုမ္ပဏီတို့ကိုလည်းကောင်း၊ ၂၆-၄-၂၀၂၀ ရက်နေ့ ရှောင်တခင်စစ်ဆေးခြင်း ဆောင်ရွက်တဲ့အခါမှာ လတ်ဆတ်မှုအားနည်းတဲ့ ပါကေးငါးတွေကို ရောနှောကြိတ်ခွဲဆောင်ရွက်နေတဲ့ ထူးထူးတိုး ကုမ္ပဏီနဲ့ ဗင့်(န်)တော့(ချ်) ကုမ္ပဏီတို့ကိုလည်းကောင်း နောက်ဆုံးအကြိမ် သတိပေးမှတ်တမ်းများ လက်မှတ်ရေးထိုးစေခဲ့ပြီးဖြစ်ပါတယ်။ ထပ်မံစည်းကမ်းဖောက်ဖျက်ပါက သက်ဆိုင်ရာဌာနတွေရဲ့ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထူးထူးတိုး ကုမ္ပဏီ၊ အဆောင်ကောင်း ကုမ္ပဏီ၊ မင်းရာဇာကုမ္ပဏီနှင့် ဗင့်(န်)တော့(ချ်) ကုမ္ပဏီတို့ကပေးပို့လာတဲ့ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွေကို အတည်ပြုပြန်ကြားနိုင်ဖို့ သက်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စိစစ်သုံးသပ်ဆောင်ရွက်ခဲ့ပါတယ်။ စွန့်ပစ်ရေဆိုးစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီးတော့ လိုအပ်ချက်တွေရှိနေတဲ့ အတွက်ကြောင့်မို့လို့ ပြန်လည်ပြင်ဆင်ဆောင်ရွက်စေတဲ့ အနေအထားရှိပါတယ်။ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့အနေနဲ့ ပါကေးငါးတွေ အရည်အသွေး၊ အနံ့အသက်ဆိုးများ မဖြစ်ဖို့ ပါကေးငါး (Trash Fish)တွေ ပင်လယ်ရေနဲ့ စင်ကြယ်စွာဆေးကြောပြီး ရေခဲအလုံအလောက်အသုံးပြုထားသိုရေး စက်ရုံသို့ (၁၀)ရက်အတွင်း အရောက်ပို့ဆောင်ပေးရေးနှင့် ငါးသယ်ရာလမ်းကြောင်းတစ်လျှောက်မှာ ကိုင်တွယ်သယ်ယူမှုတွေမှာ သန့်ရှင်းရေး၊ စက်ရုံကုန်ကြမ်းလက်ခံဌာနကနေ စက်ယန္တရားအတွင်းသို့ အမြန်ဆုံးရောက်ရှိရေး စက်ရုံထွက်အငွေ့များ အနံ့အသက်စနစ် အသုံးပြုတပ်ဆင်ဖြတ်သန်း သန့်စင်ပြီးမှ စွန့်ထုတ်ရေး၊ အငွေ့ထုတ်ခေါင်းတိုင် ပေ (၈၀)အထက် တပ်ဆင်ရေးနှင့် စက်ရုံထွက် အရည်တွေကို အနည်ကျကန်၊ အနည်စစ်ကန်တို့နှင့် (Water Treatment) ဆောင်ရွက်ပြီးမှ စနစ်တကျစွန့်ထုတ်ရေးတို့ကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ဖို့အတွက် စိစစ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အဲဒီလို စိစစ်ရေးကို ဆောင်ရွက်ခဲ့မှုဖြစ်စဉ်အရ ၂၀-၁၀-၂၀၁၈ ရက်နေ့မှာ အဆောင်ကောင်း စက်ရုံမှာ စက်ချွတ်ယွင်းမှုကြောင့် ငါးအနံ့ဆိုးများ ထွက်ခဲ့မှုအပေါ် ကုန်တန်ချိန် (၂၀)နဲ့ တန်ဖိုးအား ဖြင့် ကျပ်(၅၈)သိန်းကို အဖွဲ့ဖြင့် မြေမြှုပ်ဖျက်ဆီးခဲ့ပါတယ်။၂၀-၁၁-၂၀၁၈ ရက်နေ့မှာ ဗင့်(န်)တေ့(ချ်)စက်ရုံရဲ့ ငါးအနံ့ဆိုးထွက်ရှိမှုကို ရှောင်တခင် ဝင်ရောက်စစ်ဆေးပြီး ဗင့်(န်)တေ့(ချ်)စက်ရုံကို ယာယီပိတ်သိမ်းအရေးယူခြင်းများ ဆောင်ရွက်ခဲ့မှုရှိပါတယ်။ လတ်တလော ယခု ဩဂုတ်လ ၁၇ ရက်နေ့ စစ်ဆေးမှုမှာ အနံ့ထုတ်ပိုက်လိုင်းတွေ ပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ အနံ့စုပ် ကော်သီးများ၊ ရေဖျန်းနော်ဇယ်များ ဆေးကြောသန့်စင်ထားပါတယ်။ ပေါင်းအိုးတွေကနေ ဆက်သွယ်တဲ့ ရေနွေးငွေ့ပိုက်လိုင်းများ ဆေးကြောအသစ်တပ်ဆင်ခြင်း၊ ပန့်များလဲလှယ်ခြင်း၊ ရေဆိုးသန့်စင်လိုင်း များ အသစ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိရင်တော့ မိမိတို့ သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့ အဆိုပါ ငါးမှုန့်ကြိတ် စက်ရုံတွေက အခွန်အခရရှိမှုအခြေအနေကို ဖြေကြားပေးပါမယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကနေ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ထူးထူးတိုး၊ ဗင့်(န်)တေ့(ချ်)၊ မင်းဇာနည်၊ အဆောင်ကောင်း အက်ဒမန် ကုမ္ပဏီလီမိတက်တို့က စက်ရုံလိုင်စင်ကြေး စုစုပေါင်းငွေ ကျပ် (၁.၅၇၆)သန်းရရှိခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကနေ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံခြားငါးသယ်လိုင်စင်ကြေး အကြိမ်ရေ (၁၀၂)ကြိမ်အတွက် အမေရိကန်ဒေါ်လာ (၂၄၉၄၀၀)ကျော်နဲ့ညီမျှတဲ့ ငွေကျပ်(၃၇၀.၈၃)သန်း ရရှိပါတယ်။ ငါးမှုန့်များ ရနောင်းတင်ပို့တဲ့အကြိမ်ရေ (၁၀၂)ကြိမ် တန်ချိန် (၅၁၃၆၄)တန်အတွက် အမေရိကန်ဒေါ်လာ (၅၁.၈၉)သန်းနှင့် ရန်ကုန်ကို ဒီ fish meal တွေ တန်ချိန်အားဖြင့် (၃၄၁၉၈)တန် တင်ပို့မှုကနေ ကျပ်သန်းပေါင်း (၄၆.၁၆၇)သန်း အသီးသီးရရှိခဲ့ပါကြောင်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးလိုက်ပါ။

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဒုတိယဝန်ကြီး ဖြေကြားတဲ့ အတွက် ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော် မေးချင်တာက ဆက်စပ်မေးခွန်းကတော့ စိုက်ခင်းမှာ နစ်နာသွားတဲ့ သစ်ဖောင်နဲ့ပတ်သက်လို့ ဒုတိယဝန်ကြီးက ဖြေသွားတဲ့အထဲမှာတော့ မြေရှိရင် ပေးမယ် ဆိုတာ ဖြေသွားပါတယ်။ ဒါ မြေမရှိဘူးဆိုရင် ဒီသစ်ဖောင်ရဲ့ နစ်နာမှုကို လျော်ကြေး ပေးမလားဆိုတာ မေးခွန်းကို ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းလိုပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်ကြီးမေးတဲ့ မြေ ရှိခြင်း/ မရှိခြင်းကို နည်းနည်းမသဲကွဲလို့ နည်းနည်းလေး ပြန်ပြီးတော့ ရှင်းလင်းပြပေးပါ။ ရပြီ။

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ကျွန်တော်မေးတဲ့ မေးခွန်းကတော့ မေးခွန်းနှစ်ခုဖြစ်ပါတယ်။ တစ်ခုကတော့ ဆည်ထဲမှာပါသွားတဲ့ လယ်ယာမြေတစ်ခုရဲ့ သစ်တောကြိုးဝိုင်း သစ်ဖောင်နဲ့ပတ်သက်တဲ့ လုပ်ကိုင်နေတဲ့ လျော်ကြေး သစ်ဖောင်တွေနဲ့ ပတ်သက်တဲ့ ဝန်ကြီးဌာနကို ဒီအရေအတွက်တွေရော တင်ပို့တွေရော ကျွန်တော် ပေးထားတာ ရှိပါတယ်။ အဲဒီတင်ပို့မှုအပေါ်မှာ ဝန်ကြီးကနေပြီး ဒီ လျော်ကြေးမပေးဘူး၊ မြေရှိရင် မြေကိုပေးမယ် ဆိုတဲ့ဟာ ဖြေသွားပါတယ်။ မြေမရှိဘူးဆိုရင် ဒီ နှစ်ရှည်ပင်တွေနဲ့ ပတ်သက်လို့ လျော်ကြေး ပေးမလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသလိုပေါ့။ အကယ်၍ ပြည်သူပိုင်အစုအဖွဲ့သစ်တောဧရိယာ တွေမှာ အခြားစီမံကိန်းတွေ ဆောင်ရွက်မယ်ဆိုရင် မြေအစားထိုးပေးဖို့ရှိပါမယ်။ အကယ်၍ မြေမရှိဘူး ဆိုရင်တော့ မိမိဖြေကြားတဲ့အထဲမှာပါ ပါတယ်။ အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၉) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သူ့မှာ ညွှန်ကြားချက်ရှိပါတယ် ခင်ဗျား။ အခန်း(၁၃) အသုံးပြုသူများအဖွဲ့ရဲ့ အခွင့်အရေး အပိုဒ် (ဈ)မှာ ဒေသခံအစုအဖွဲ့ပိုင် သစ်တောဧရိယာများမှ အခြားစီမံကိန်းများ ဆောင်ရွက်ရင် သစ်တော၊ သစ်ပင်၊ စိုက်ပျိုးသီးနှံ တန်ဖိုးနှင့် ဆုံးရှုံးမှုအတွက် လျော်ကြေးများ တောင်းဆိုနိုင်ကြောင်းဆိုတဲ့ အလျောက် မြေမရှိဘူး ဆိုရင် လျော်ကြေးတောင်းဆိုနိုင်တဲ့ အခွင့်အလမ်းရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းကို ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ မေးခွန်းလာရောက် ဖြေကြားတဲ့ ဒုတိယဝန်ကြီး အထူးပဲ ကျေးဇူးတင်ပါတယ်။ အခုကကတော့ ကျွန်တော်တို့ လူနေ ရပ်ကွက်တွေကြားမှာ အနံ့အသက်တွေ ထွက်နေတဲ့ စက်ရုံတွေ ရှိနေတာဟာ ပြည်သူများအတွက် ကျန်းမာရေးရှုထောင့်မှ ဘယ်လိုမှ မသင့်လျော်သလို တခြားမြို့က လူတွေက ကျွန်တော်တို့ မြိတ်က လူတွေကို မေးနေတာ။ နင်တို့ မြိတ် က လူတွေမှာ အဆုပ်အပိုတွေရှိနေလားလို့ မေးတာ။ အခုက မေးချင်တာကတော့ ကျွန်တော်တို့က သင့်လျော်မည့် လုံလောက်တဲ့ မြေဧရိယာ မြေနေရာ တွေ ရှိမယ်ဆိုရင် အဲဒီစက်ရုံတွေ ရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ ထပ်မံ၍ မေးမြန်းချင်ပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်ဝေ ရဲ့ ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားပါမယ်။

ဒီလုပ်ငန်းရပ်တွေနဲ့ ပတ်သက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရှိပါတယ်။ သူ့ရဲ့အောက်မှာဆိုရင် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ရှိတဲ့ လုပ်ငန်းဌာနတွေလည်း ပါ ပါတယ်။ အကယ်၍ ဒီလိုစက်ရုံတွေဟာ သင့်လျော်တဲ့နေရာမှာ တည်ရှိမှုမရှိဘူးဆိုရင်တော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုအောက်ကနေပြီးတော့ ဆောင်ရွက်သွားရမှာ ရှိပါတယ်။ ဒါနဲ့ စပ်လျဉ်းပြီးတော့ မိမိတို့ ဝန်ကြီးဌာနအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို အကြောင်းကြား ဆောင်ရွက်ပေးမယ်ဆိုတဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၂၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၅၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၅၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁:၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၅-၇-၂၀၂၀

ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အဆိုတင်သွင်းပြီး ၃၀-၇-၂၀၂၀ ရက်နေ့တွင် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၂။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။အားလုံး မင်္ဂလာပါခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာအပေါ် ကျွန်တော့်အနေနဲ့ ဆက်စပ်တွေးခေါ် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ စာမျက်နှာ(၇) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟု ဆိုထားပါတယ်။ တောင်သူလယ်သမားရေးရာကော်မတီအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ လယ်ယာမြေဥပဒေ ၂၀၁၂ ကို ပြင်ဆင်သည့်ဥပဒေ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများစီမံ

ခန့်ခွဲရေးဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေ၊ အပင်မျိုးသစ် ကာကွယ်ပေးရေးဥပဒေများကို ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းနိုင်အောင် ပူးပေါင်းပါဝင် ဆွေးနွေးခဲ့ကြကြောင်း တင်ပြထားပါတယ်။

တောင်သူလယ်သမားရေးရာကော်မတီမှ မြေသိမ်းဥပဒေ မူကြမ်းအား အမျိုးသား လွှတ်တော်တွင် အဆိုတင်သွင်းနိုင်ခဲ့ပြီးတော့ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဥပဒေအမည်ဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ကြောင်းလည်း ဖော်ပြထားရှိပါတယ်။ ကျွန်တော့်အနေဖြင့် တင်ပြဆွေးနွေးလိုသည်က ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တောင်သူလယ်သမားရေးရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီတို့တွင် အကြိမ်ကြိမ်ဆွေးနွေးပြီးတော့ အမျိုးသားလွှတ်တော်တွင် အတည်ပြုပြီးကာမှ ပြည်သူ့လွှတ်တော်တွင် အချိန် (၂)နှစ်ကျော်ခန့် ကြာညောင်းခဲ့ပါသဖြင့် ၂၀၂၀ ပြည့်နှစ်အချိန်ရောက်မှ ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါ၍ ၎င်းအဖြစ်အပျက်မျိုး မဖြစ်ပေါ်စေရန် တောင်သူလယ်သမားရေးရာကော်မတီအနေဖြင့် တိုက်တိုက်တွန်းတွန်း ဆောင်ရွက်ပေး နိုင်ပါရန် အကြံပြုအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)မှာလည်း တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံ များသင့်တင့်မျှတသည့်တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟု ဆိုထားသလို တောင်သူလယ်သမား ကော်မတီအနေနဲ့လည်း နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ကာ တတ်စွမ်း သရွေ့ ကြိုးပမ်းဆောင်ရွက်သွားရန် ဆောင်ရွက်နေပါသည်ဟု ဆိုထားပါသည်။ ကျွန်တော့်အနေဖြင့် ဆွေးနွေးတင်ပြလိုသည်မှာ တောင်သူလယ်သမားကို အဓိပ္ပါယ်ဖွင့်ဆိုထားသည့် မြေကို အသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းနှစ်ရပ်လုံးကို မိမိရဲ့ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိ ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက်လုပ်ကိုင်ခဲ့သူဟု ဖွင့်ဆိုထားပါတယ်။ သို့ပါ၍ တောင်သူလယ်သမား ရေးရာကော်မတီအနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး လုပ်ငန်းများတွင်သာမက မွေးမြူရေးလုပ်ငန်းများမှာပါ ပူးပေါင်းပါဝင်တိုက်တွန်းဆောင်ရွက်ပေး နိုင်ပါရန်လည်း အကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ၏ ကောက်ပဲသီးနှံပစ္စည်းများ ဈေးကောင်း ရရှိရန်ဟုဆိုကာ နည်းကောင်း မျိုးကောင်း စိုက်စရိတ်များ သွင်းအားစုများ ရရှိပါမှ အဆင်ပြေနိုင်ပါ လိမ့်မယ်။ တောင်သူလယ်သမားရေးရာကော်မတီတာဝန်များ အခန်းကဏ္ဍတွင်လည်း တင်ပြထား

ကြောင်း တွေ့ရှိရပါတယ်။ ဆက်လက်ပြီးလည်း တောင်သူလယ်သမားများ၏ ဘဝထဲ ထဲထဲဝင်ဝင် တိုက်တိုက်တွန်းတွန်း ဆောင်ရွက်ပေးပါမှ တောင်သူလယ်သမားများရဲ့ဘဝများ အဆင်ပြေနိုင်ပါလိမ့်မယ်။ တောင်သူလယ်သမားကော်မတီအနေဖြင့် အပြန်အလှန်ဆွေးနွေးပွဲများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပါ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပန်ပြီးတော့ မြေပြင်ကွင်းဆင်းလေ့လာဖို့ရန် အကြံပြုအပ်ပါတယ်။ ကျေးလက်နေတောင်သူများအတွက် ကန်ထရိုက်ဖမ်းပြီး အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ် သီးနှံအာမခံစနစ်များကဲ့သို့သော တောင်သူများဆုံးရှုံးနစ်နာမှုမှ အကာအကွယ်ပေးနိုင်သောစနစ်များ တောင်သူလယ်သမားရေးရာကော်မတီအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန်လည်း အကြံပြုအပ်ပါတယ်။ လှေလှော်ပြိုင်ပွဲမှာကဲ့သို့ လှေလှော်သူများက ညီညွတ်စွာ အားကြိုးမာန်တက် လှော်ကြသော်လည်း ပဲ့ကိုင်ရှင်က စနစ်တကျကိုင်တွယ်တတ်ရန် လိုအပ်သလို ပဲ့ကိုင်ရှင်က စနစ်တကျသင်ပြသော်လည်း လှေလှော်သူများက တက်ညီလက်ညီ အားကြိုးမာန်တက် လှော်ခတ်ကြပါမှ လိုရာပန်းတိုင် ရောက်နိုင်ပါလိမ့်မယ်။ အစိုးရနည်းပညာ အသိပညာပေး ပဲ့ကိုင်ရှင်တွေ တက်ညီလက်ညီဆောင်ရွက်သည့် တောင်သူလယ်သမားများအကြား ကော်မတီအနေဖြင့် တောင်သူလယ်သမားအဖွဲ့အစည်းများ၊ NGOs/ INGOs အဖွဲ့များနှင့် ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ပေးဖို့ရန်လည်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့အတိတ်ကာလ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ထင်ပါတယ်။ မြန်မာနိုင်ငံ စိုက်ပျိုးသီးနှံရာသီဥတုကြောင့် အဆင်မပြေ အထွက်နှုန်းနည်းပါး၍ လူးစေ့ကို ဖုတ်စားရတဲ့အခြေအနေကို ဆန်ပြုတ်ပြုတ်စားရတဲ့အခြေအနေ၊ ဆန်အနည်းငယ်မှာ ပြောင်းဖူးစေ့ကိုရော၍ ချက်စားရတဲ့ အခြေအနေမျိုး ကျွန်တော်တို့အားလုံး ကြုံခဲ့ဖူးပါတယ်။ ယခင့်ယခင်ကာလများကလည်း ပလိပ်ရောဂါ၊ ကာလရောဂါ၊ ကျောက်ရောဂါ၊ အခြားရောဂါများ ကမ္ဘာ့ကပ် ရောဂါအဖြစ် ကျရောက်ခဲ့ဖူးသလို ယခုအချိန်အခါမှာလည်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကြီးမှာ COVID-19 ကပ်ရောဂါ ရောဂန္တရကပ် ကျရောက်ဖြစ်တည်နေတယ်ဆိုတာ အားလုံးသိပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးမရရှိသေးသော နယ်စပ်တိုက်ပွဲဖြစ်တဲ့ ဒေသများမှာလည်း သတ္ထန္တရကပ် ဖြစ်တည်နေခြင်းကိုလည်း ကျွန်တော်တို့ အားလုံးအသိပဲဖြစ်ပါတယ်။

၁၈-၈-၂၀၂၀ ရက်နေ့က ယနေ့ကမ္ဘာတွင် ပိုမိုဆိုးရွားလာသည့် ရာသီဥတု ပြောင်းလဲမှုအခြေအနေများကြောင့် စိုက်ပျိုးသီးနှံများပျက်စီးခြင်း၊ အထွက်နှုန်းကျဆင်းခြင်း၊ အရည်အသွေးကျဆင်းခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာရှားပါးမှု ရေရှည်မျှော်မှန်းဖြေရှင်းနိုင်ရန်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဦးဆောင်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှအစည်းအဝေးလုပ်ခဲ့ကြတာလည်း သိကြပါလိမ့်မယ်။ အကယ်၍ ရာသီဥတုပြောင်းလဲမှုကြောင့်စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးပါကလည်း အစားအသောက်များပြတ်လပ်နိုင်ပါ၍ ဒုဗ္ဘိက္ခန္တရကပ်ကြီး

လည်း ကျရောက်လာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားရေးရာကော်မတီအဖွဲ့ဝင်များသာမက ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးမှာ တာဝန်ရှိတယ်လို့ ခံယူမိပါတယ်။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံး ပြည်သူပြည်သားအားလုံး ကျန်းမာရေးကိစ္စပဲဖြစ်ဖြစ်၊ ငြိမ်းချမ်းရေးကိစ္စပဲဖြစ်ဖြစ် ကျရာအခန်းကဏ္ဍက ညီညွတ်မှုကိုအခြေခံကာ မှန်ကန်သောလမ်း၊ စိတ်ရင်းစေတနာကောင်းဖြင့် ဆောင်ရွက်ကြမယ့် တောင်သူလယ်သမားများအကျိုးကိုလည်း တဖက်တလမ်းမှ ကူညီဆောင်ရွက်ပေးကြမည်ဆိုလျှင် ကပ်ကြီးသုံးပါးက ကျော်လွှားနိုင်မည်ဟု ယုံကြည်မိပါတယ်။

တောင်သူလယ်သမားရေးရာကော်မတီအနေဖြင့်လည်း ယခုအစီရင်ခံစာပါ ဥပဒေများပြုပြင်ခြင်း၊ ပြဋ္ဌာန်းခြင်းများအပါအဝင် လက်ရှိဆောင်ရွက်နေသောအခြေအနေ အချက်အလက်များထက်တောင်သူလယ်သမားများအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်ပေးနိုင်ပါစေ။ ဆောင်ရွက်ပေးပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၅၇။**

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ရဲ့ ဆွေးနွေးချက်နဲ့ စပ်လျဉ်းပြီး တောင်သူလယ်သမားရေးရာကော်မတီက ပြန်လည်ရှင်းလင်း ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၈။**

**ဦးစိုးဝင်း (အတွင်းရေးမှူး၊ တောင်သူလယ်သမားရေးရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ အတွင်းရေးမှူးတစ်ဦးလည်း ဖြစ်ပါတယ်။ ၂၀-၈-၂၀၂၀ ရက်နေ့က အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့တဲ့ တော်သူလယ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီး ဦးလှဆန်းက ယခုဆွေးနွေးတဲ့အပေါ်မှာ ကျွန်တော်တို့အနေနဲ့ အထူးပဲ ကျေးဇူးတင်ပါကြောင်းကို ဦးစွာ ပြောကြားလိုပါတယ်။

အဲဒီတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးလှဆန်း တင်ပြတာနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဒီမှာ အချက် (၃) ချက်လောက်ကို ပြန်ပြီးတော့ ဆွေးနွေးတင်ပြလိုပါတယ်။ အဲ့ဒါကတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေဟာ အမျိုးသားလွှတ်တော်က ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ကိုရောက်ပြီး (၂)နှစ်ကျော်ကြာမှ ပြန်လာတာနဲ့ ပတ်သက်လို့ အဲ့ဒီကာလက ဥပဒေနဲ့ အထူးကိစ္စရပ်များ လေ့လာစုံစမ်းရေးကော်မရှင်လို့ ကျွန်တော် မှတ်မိနေတယ်။ ဦးရွှေမန်း ကော်မရှင်လို့ ကျွန်တော် မှတ်မိပါတယ်။ အဲ့ဒီ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြုစုတဲ့အခါမှာ မြေအသုံးချမှုဝါဒနဲ့ လျော်ညီစွာ ဒီဥပဒေကို

ဖြစ်ရမယ် ဆိုတဲ့အပေါ်မှာ သူတို့က ဒီဟာကို ဆက်လက်ပြီးတော့ မဆွေးနွေးဖို့ဆိုပြီးတော့ ကျွန်တော်တို့ ကော်မတီကို Break လုပ်ထားတာရှိပါတယ်။ အဲ့ဒါကြောင့် အဲဒီရဲ့ Break လုပ်ထားတဲ့အပေါ်မှာ ကျွန်တော်တို့ (၂)နှစ်ခန့်မျှ ကြန့်ကြာသွားရခြင်းဖြစ်ပါတယ်။ ဒါလေးတစ်ချက်ကို ဖြေကြားလိုပါတယ်။ နောက်တခါ သင့်တင့်မျှတသည့်သီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန် နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ကျွန်တော်တို့ ပူးတွဲပြီးတော့ လုပ်ကိုင်ဆောင်ရွက်ပေးဖို့ အကြံပြုထားတာနဲ့ ပတ်သက်လို့ မူဝါဒအရ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာလည်းပဲ တောင်သူလယ်သမားတွေရဲ့ ဥပဒေအဓိပ္ပာယ် ဖွင့်ဆိုချက်မှာလည်း တောင်သူလယ်သမား ဆိုတဲ့ ဝေါဟာရထဲမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဒါတွေဟာ အားလုံးအကျုံးဝင်တာဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေဟာ ပြောရလို့ရှိရင် စိုက်ပျိုးရေး အတွက်ကိုရော၊ မွေးမြူရေးအတွက်ကိုရော အားလုံး လုံလုံလောက်လောက်နဲ့ ပြုစုထားတဲ့ ဥပဒေ တစ်ခုလည်း ဖြစ်ပါတယ်လို့ ဒါလေးကို တင်ပြလိုပါတယ်။

နောက်ပြီးတော့ ကန်ထရိုက်လယ်ယာစနစ်နဲ့ ဆောင်ရွက်ဖို့ကိစ္စတွေမှာလည်းပဲ တောင်သူ လယ်သမားရေးရာကော်မတီကို တိုက်တွန်းထားတာရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တင်ပြလိုတာ ကတော့ လွှတ်တော်ကော်မတီ ဆိုတာကလည်း ကျွန်တော်တို့က ထိန်းကျောင်းရတဲ့သဘော ရှိပါတယ်။ မြေပြင်ရဲ့ အခြေအနေတွေကို တကယ့်တကယ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်တယ် ဆိုတာကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့် ယခု ကန်ထရိုက်လယ်ယာစနစ်နဲ့ ပတ်သက်လို့လည်း အစိုးရအဖွဲ့အစည်းတွေက သူ့ဟာ နဲ့သူ ဆောင်ရွက်နေတာတွေ တော်တော်လေးတော့ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ပါတယ်လို့ ဒါကို တစ်ချက် ပြောလိုပါတယ်။ နောက်ပြီးတော့ မြေသိမ်းကိစ္စတွေနဲ့ ပတ်သက်လို့ မြေပြင် ကွင်းဆင်းဆောင်ရွက်ဖို့ အကြံပေးတာနဲ့ ပတ်သက်လို့ မြေယာသိမ်းဆည်းမှုဟာ မြန်မာနိုင်ငံမှာ အင်မတန်မှ ကြီးကျယ်တယ်လို့လည်း ပြောလို့ရပါတယ်။ နှစ်ပေါင်းများစွာက သိမ်းဆည်းခံခဲ့ရတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ ကော်မတီကို တိုင်ကြားလာတဲ့အခါမှာ ကျွန်တော်တို့ ကော်မတီကနေပြီး တော့ စိစစ်တွေ့ရှိချက် သုံးသပ်အကြံပြုချက်တွေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးဆီကို တင်ပြပေးရတာ ရှိပါတယ်။ အဲ့ဒီတော့ တချို့တလေကိစ္စတွေမှာ မြေပြင်ကို ကွင်းဆင်းပြီးတော့ စိစစ်ရန်လိုအပ်တဲ့ ဆိုပြီးတော့ ကျွန်တော်တို့ သဘောထားမှတ်ချက်တွေကိုလည်း ဥက္ကဋ္ဌကြီးကို တင်ပြရပါတယ်။

ဥက္ကဋ္ဌကြီးက ကျွန်တော်တို့တင်ပြတဲ့ စိစစ်ချက်သုံးသပ်၊ အကြံပြုချက်တွေကိုကြည့်ပြီး ကော်မတီအနေနဲ့ ကွင်းဆင်းစိစစ်ဆောင်ရွက်ပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးက ခွင့်ပြုပေးတဲ့အပေါ်မှာပဲ ကျွန်တော်တို့က မြေပြင်ကို ကွင်းဆင်းစိစစ် ဆောင်ရွက်ရတာဖြစ်ပါတယ်လို့ ဒါလေးကို ရှင်းလင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၂:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု တောင်သူလယ်သမားရေးရာကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၃။**

**ဦးစိုးဝင်း (အတွင်းရေးမှူး၊ တောင်သူလယ်သမားရေးရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ အတွင်းရေးမှူး လည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူ လက်ခံပေးပါရန် အဆိုတင်သွင်း ခွင့်ပြုပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ အနူးအညွတ် ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀-၈-၂၀၂၀ ရက်နေ့ အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့တဲ့ တောင်သူလယ်သမားရေးရာကော်မတီရဲ့ ၁-၃-၂၀၁၈ ရက်မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီးမှ သဘောတူ လက်ခံပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂:၀၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၂:၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၅။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် လူ့ဝင်မှု ကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီရဲ့ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု စတုတ္ထမြောက် အစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာအရ အမျိုးသားလွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကာလမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး စုစုပေါင်း အကြိမ် (၆၀)ကျင်းပနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ကော်မတီအနေနဲ့ အလုပ်သမား၊ လူ့ဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ စပ်လျဉ်းပြီး တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အစည်းအဝေးကျင်းပမှု (၁၂)ကြိမ် ရှိခဲ့ကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် အလုပ်သမား များဆိုင်ရာဥပဒေ ပြင်ဆင်ရေးဆွဲခြင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ ပြည်ပခရီးစဉ်များ သွားရောက်ခြင်းတို့အပြင် အလုပ်သမားကိစ္စတိုင်ကြားမှု ဖြေရှင်းခြင်း၊ ကြားနာတွေ့ဆုံခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ကျွန်မတို့ တိုင်းပြည်အတွက် အလုပ်သမားရေးရာကိစ္စတွေကို ယခုထက် ပိုမိုကိုင်တွယ် ဖြေရှင်းပေးနိုင်ခြင်းဟာ ကြိုးပမ်းဖို့လိုတယ်ဆိုတာ လုံးဝငြင်းလို့မရနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်

အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဖြစ်ပွားနေတဲ့ အငြင်းပွားမှုရဲ့ အခြေခံအကြောင်းအရင်း အလုပ်သမားများရဲ့ ဥပဒေနှင့် သက်ဆိုင်တဲ့ ပျော့ကွက် ဟာကွက်တွေကို စုံစမ်းလေ့လာဖော်ထုတ်ပြီး အလုပ်သမားများရဲ့ နစ်နာချက်များကို ပိုမိုကာကွယ် ကုစားပေးနိုင်ရေးကို ဆက်လက်အားထုတ် ကြိုးပမ်းသွားဖို့ ဦးစွာ တိုက်တွန်းလိုပါတယ်။

တခြားတစ်ဖက်မှာ ကော်မတီအနေနဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ဆိုင်တဲ့ ကိစ္စရပ်များမှာ ယခု ထက်ပိုပြီး အလေးပေး ဆောင်ရွက်သွားရန် လိုအပ်နေကြောင်း ထောက်ပြလိုပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ ခေတ်အဆက်ဆက်ကနေပြီး ယနေ့အချိန်ထိ ကြုံတွေ့နေရတဲ့ ပြဿနာရဲ့ဇစ်မြစ်က လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များကို ပေါ့လျော့စွာဆောင်ရွက်ခြင်း ဥပဒေအတိုင်း တိတိကျကျ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့်ဆိုတာ အားလုံးသိပြီးသား ဖြစ်ပါလိမ့်မယ်။ ဥက္ကဋ္ဌကြီးရှင်။ ဥပမာအနေနဲ့ ထုတ်ပြောရမယ်ဆိုလို့ရှိရင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လကုန်ပိုင်းမှာ နေပြည်တော် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနက တာဝန်ရှိသူတွေက ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာက ကမန်တိုင်းရင်းသားမဟုတ်သူ (၃၃၀၀)ကျော်ကို ကမန်တိုင်းရင်းသားအနေနဲ့ နိုင်ငံသားစိစစ်ရေး ကတ်ပြားတွေ မမှန်မကန်ထုတ်ပေးခဲ့တယ်လို့ ဒေသခံတွေ၊ ရခိုင်နဲ့ ကမန်တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီက ခေါင်းဆောင်တွေ၊ မီဒီယာတွေက အခိုင်အမာ ဖော်ထုတ်ပြောကြားခဲ့ကြပါတယ်။

နိုင်ငံတော်သမ္မတရုံးနဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးတို့ကိုလည်း ကမန်တိုင်းရင်းသားတွေက တိုင်တန်းခဲ့ကြောင်း သိရှိရပါတယ်။ ဝန်ကြီးဌာနက ကမန်တိုင်းရင်းသားအနေနဲ့ (၃၃၀၆)ဦးကို နိုင်ငံသားပြုခဲ့ရာမှာ (၂၁)ဦးသာ မှားယွင်းမှုရှိခဲ့တယ်လို့ ပြောကြားချက်အရ ဒေသခံတွေက ယုံကြည် နိုင်စရာမရှိကြောင်း ပြန်လည်ပြောကြားခဲ့ကြပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မလည်း လွှတ်တော်မှာ တင်ပြဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ လွှတ်တော်အနေနဲ့ရော လွှတ်တော်ကော်မတီအနေ နဲ့ပါ လုံးဝ လျစ်လျူရှုထားခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ကတည်းက ကမန်တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ အဆိုအရ ရခိုင်ပြည်နယ်မှာနေထိုင်တဲ့ ကမန်တိုင်းရင်းသား အရေအတွက်ဟာ (၅၀၀၀၀)ဝန်းကျင် ခန့်ရှိပေမဲ့ ကမန်တိုင်းရင်းသားအမည်ခံပြီး နိုင်ငံသားစိစစ်ရေးကတ် ရယူထားတဲ့ အရေအတွက်ဟာ (၂)သိန်းကျော်ရှိတယ်လို့ သိရပါတယ်။ ယခင်က ကမန်တိုင်းရင်းသားမဟုတ်တဲ့ လူတွေကို ကမန် တိုင်းရင်းသားအမည်ခံတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးခဲ့တဲ့ အကျိုးဆက်အနေနဲ့ သံသယများ ကြီးထွားလာပြီး ဒေသတွင်းတည်ငြိမ်မှု၊ အေးချမ်းမှု၊ တိုင်းရင်းသားမျိုးနွယ်စုတွေ အကြား ရင်းနှီးချစ်ကြည်စွာ အတူနေထိုင်မှုတွေဟာ ထိခိုက်ပျက်ပြားစေခဲ့ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ အကြပ်အတည်းဟာ အမှိုက်ကစ ပြာသာဒ်မီးလောင် ဆိုသလိုပဲ နိုင်ငံသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်တွေကို အဂတိလိုက်စားပြီး ထုတ်ပေးခဲ့တာ နဲ့လည်း တိုက်ရိုက်ပတ်သက်နေပါတယ်။

ဒါကြောင့် လွှတ်တော်ကော်မတီအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ နိုင်ငံသားစိစစ်ရေးကတ်တွေ ထုတ်ပေးခဲ့တဲ့ကိစ္စမှာ အလေးထားထိန်းကျောင်းရေးဟာ နိုင်ငံအတွက် အလွန်ပဲ အရေးကြီးကြောင်း အလေးအနက် တင်ပြလိုပါတယ်။ ပြည်သူ့အသံ၊ လွှတ်တော်အသံ ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကော်မတီအနေနဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စတွေကို ကွင်းဆင်းပြီး သက်ဆိုင်ရာ ပြည်သူများရဲ့ အသံကို နားထောင်ခြင်း တိုင်းရင်းသားများ အမည်ခံပြီး နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးမှုတွေကို ကြားနာစစ်ဆေးခြင်းကိုလည်း အချိန်ယူဆောင်ရွက်ပေးပြီး ပွင့်လင်းမြင်သာစွာ ထုတ်ဖော်တင်ပြခြင်းဖြင့် နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ မိမိတို့ရဲ့ ဒေသခံတိုင်းရင်းသားများ အဓွန့်ရှည် ကြာရှည်စွာ ရပ်တည်နိုင်ရေးတို့ကို အမြော်အမြင်ရှိရှိ ဆောင်ရွက်ပေးဖို့ အကြံပေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၉။**

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ရဲ့ ဆွေးနွေးချက်နဲ့ စပ်လျဉ်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီက ပြန်လည်ရှင်းလင်း ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၉။**

**ဦးကျော်ထွေး (ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး ပါ။ ကျွန်တော်တို့ ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ အကြံပြုဆွေးနွေးချက်ကို ကျေးဇူးတင်ရှိကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ကော်မတီ ဖွဲ့စည်းကာစကတော့ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဖြစ်ပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ ၁-၃-၂၀၁၉ ရက်နေ့မှပဲ လူဝင်မှုကြီးကြပ်ရေးကို ထပ်ဖြည့်၍ လွှတ်တော်ကနေပြီးတော့ တာဝန်ပေးအပ်ချက်အရ ၁၃- ၃- ၂၀၁၉ ရက်နေ့မှာ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဖိတ်ခေါ်ပြီးတော့ ကျွန်တော်တို့ ဆွေးနွေးပွဲလုပ်ပါတယ်။ အဓိက ကတော့ အိမ်ထောင်စုလူဦးရေ စာရင်းနဲ့ မှတ်ပုံတင်ထုတ်ပေးမှုအခြေအနေပါ။

အဲဒီလိုမျိုးပဲ ၇-၈-၂၀၁၉ ရက်နေ့၊ ၁၉-၈-၂၀၁၉ ရက်နေ့၊ ၄-၂-၂၀၂၀ ရက်နေ့တွေမှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဖိတ်ခေါ်ပြီးတော့ အဓိက ဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်နေမှုတွေ အမျိုးသားမှတ်ပုံတင်ကိစ္စတွေ နိုင်ငံသားဦးစီးဌာနရဲ့ ရှေ့လုပ်ငန်းစဉ်တွေ ဆွေးနွေးမှုတွေရှိပါတယ်။ ဒီကော်မတီရဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပတ်သက်ပြီး

တော့ တိုးချဲ့တာဝန်ပေးအပ်တဲ့အချိန်က ပြီးခဲ့သည့် တစ်နှစ်ကျော်ကမှ ဖြစ်တဲ့အတွက် ကွင်းဆင်းခြင်းလုပ်ငန်းတွေကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ပတ်သက်ပြီး ကော်မတီအနေနဲ့ ဆောင်ရွက်နိုင်မှု မရှိခဲ့ပါဘူး။ အလုပ်သမားရေးရာကိစ္စတွေကို ကွင်းဆင်းပြီးဆောင်ရွက်ခဲ့တာတော့ အထင်အရှားရှိပါတယ်။

ဒေါ်ထုမေ တင်ပြတဲ့ ကျောက်နီမော်ကျေးရွာ ကမန်(Kaman)တိုင်းရင်းသားမှတ်ပုံတင် ထုတ်ပေးတဲ့ကိစ္စရဲ့ ကျယ်ပြန့်မှုကိုတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနဲ့ တွေ့ဆုံဆွေးနွေးပွဲမှာ ဌာနကို သေချာစိစစ်ပေးဖို့တော့ တိုက်တွန်းထားတာရှိ ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဖြည့်ပြီးတော့ ဆက်လက်ဆောင်ရွက်ဖို့ ကော်မတီအနေနဲ့တော့ အစီအစဉ် ရှိပါတယ်။ ဒါပေမယ့်လည်း ဌာနဘက်ကနေပြီးတော့ ဒါနဲ့ပတ်သက်တဲ့ တုံ့ပြန်မှုအဖြေများ ပြီးတော့ ခုနတုန်းက ဆွေးနွေးတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က ဒေါ်ထုမေ ထံ ကျွန်တော်တို့ အကြောင်းပြန်နိုင်ခြင်း မရှိသေးပါဘူး။

အဲဒီတော့ ကော်မတီအနေနဲ့ ရတဲ့အချိန်မှာ ရသလောက်အစည်းအဝေးတွေ လုပ်တယ်။ ကွင်းဆင်းစရာရှိရင်လည်း လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုချက်နဲ့ ကွင်းဆင်းဆောင်ရွက်တယ်။ တိုင်ကြားမှုတွေမှာလည်း တရားဝင် တိုင်ကြားလာတဲ့ဟာတွေ အကုန်လုံးကြားနာပြီးတော့ ဆောင်ရွက်တာတွေ ရှိပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ ဒီလွှတ်တော်သက်တမ်းအတွင်းမှာ ဥပဒေကြမ်း (၃)ခုကို ဦးဆောင်ပြီး တင်သွင်းနိုင်ခဲ့တဲ့ အထောက်အထားတွေလည်း ရှိပါတယ်။ ဒေါ်ထုမေ ဆွေးနွေးတဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ ကိစ္စတွေတော့ ကော်မတီအနေနဲ့က အချိန်ရရင်ရသလို ကြိုးပမ်းဆောင်ရွက်ခဲ့တယ် ဆိုတာကိုလေးကိုတော့ လွှတ်တော်ကို တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၂:၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီရဲ့ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၃။**

**ဦးကျော်ထွေး (ဥက္ကဋ္ဌ၊ လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူ့ဝင်မှုကြီးကြပ်ရေးနဲ့ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ ကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၁၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့ အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂:၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်

ပုံမှန်အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၁၆။**

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြ ပါစေခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ဒုတိယအကြိမ်၊ အမျိုးသား လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာ**

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၉၆နှင့် ၉၇ တို့အရ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်း အဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်း မေးမြန်းခဲ့သည့်အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ပြန်လည်ဖြေကြားချက်များကို ကတိ ဖြစ်/မဖြစ်စိစစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၀၀ အရ အစီရင်ခံစာ ပြုစု၍ အမျိုးသားလွှတ်တော်သို့ အစီရင်ခံ တင်သွင်းခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ဖြေကြားချက်များအရ ကတိဖြစ်ပေါ်ခဲ့မှုအခြေအနေများကို (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုပြီးစီးခြင်း ရှိ/မရှိနှင့် ကတိကဝတ်ပြုခဲ့သောလုပ်ငန်းများနှင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပေါ်နေသော လုပ်ငန်းများ၏ အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီခြင်း ရှိ/မရှိတို့ကို ကော်မတီမှ ကွင်းဆင်းစိစစ်ပြီး တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ မေးခွန်းရှင် ကိုယ်စားလှယ်များနှင့် ပြန်လည်တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းပြီး အကြံဉာဏ်များပေးနိုင်ရန်ဖြစ်ပါသည်။

## ကော်မတီ၏ဆောင်ရွက်ချက်များ

၃။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်(၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ အဆို (၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၄၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၂၉)ခု၊ စုစုပေါင်း (၁၇၃)ခု တင်သွင်းမေးမြန်းခဲ့ပါသည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်း မေးမြန်းခဲ့သည့်အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများအပေါ် ကတိဖြစ်ပေါ်မှုနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ကော်မတီအဖွဲ့ဝင်များကို အောက်ဖော်ပြပါ အဖွဲ့ (၆)ဖွဲ့ ခွဲ၍ စိစစ်ဆောင်ရွက်ခဲ့ကြပါသည် -

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ |
|---|---|---|
| ၁။ | <u>အဖွဲ့ (၁)</u><br>ဦးစောချစ်ဦး<br>ဦးခင်မောင်ဝင်း | (၁) အမျိုးသားလွှတ်တော်<br>(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>(၃) ပြန်ကြားရေးဝန်ကြီးဌာန<br>(၄) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန<br>(၅) စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၂။ | <u>အဖွဲ့ (၂)</u><br>ဒေါက်တာခွန်ဝင်းသောင်း | (၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>(၂) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ |
|---|---|---|
| | ဦးမင်းဆွေနိုင် | (၃) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>(၄) နေပြည်တော်ကောင်စီရုံး<br>(၅) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| ၃။ | အဖွဲ့ (၃)<br>ဦးပြုံးလွင်<br>ဦးကြည်ဝင်း | (၁) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန<br>(၂) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန<br>(၃) ပညာရေးဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုရှေ့နေချုပ်ရုံး<br>(၅) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး<br>(၆) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ |
| ၄။ | အဖွဲ့ (၄)<br>ဒေါ်လွီးဇာ<br>ဦးခင်မောင်လတ် | (၁) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန<br>(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန<br>(၃) ဆောက်လုပ်ရေးဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး<br>(၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၅။ | အဖွဲ့ (၅)<br>ဦးငွန်ဟေး<br>ဦးအောင်ဝင်း | (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန<br>(၂) ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန<br>(၃) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး<br>(၅) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ |
| ၆။ | အဖွဲ့ (၆)<br>ဒေါက်တာဝင်းမြင့်ချစ် | (၁) နိုင်ငံခြားရေးဝန်ကြီးဌာန<br>(၂) နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန |

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ |
|---|---|---|
| | ဗိုလ်မှူးချုပ်တင်ဆွေ<br>ဒေါ်မြတ်သီတာထွန်း | (၃) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန<br>(၅) ပြည်ထဲရေးဝန်ကြီးဌာန<br>(၆) ကာကွယ်ရေးဝန်ကြီးဌာန<br>(၇) နယ်စပ်ရေးရာဝန်ကြီးဌာန<br>(၈) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန<br>(၉) အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန<br>(၁၀)ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန |

၄။ ကော်မတီသည် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမစတင်မီ ကော်မတီဝင်များအား ရက်သတ္တပတ် တစ်ပတ် ကြိုတင်ခေါ်ယူပြီး ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်း အဝေးအထိ လွှတ်တော်တွင် တင်သွင်းခဲ့သည့် အဆိုများ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း များနှင့် ကြယ်ပွင့်မပြ မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှပေးပို့သည့် လစဉ်တိုးတက်မှု အစီရင်ခံစာများဖြင့် ကော်မတီဝင်များကကြိုတင် စစ်ဆေးစိစစ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များကိုဖိတ်ကြား၍ ထပ်မံဆွေးနွေးအတည်ပြု ဆောင်ရွက်ခဲ့ပါသည်။

၅။ ကော်မတီသည်(၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကိုယ်စားလှယ်များက တင်သွင်း မေးမြန်းခဲ့သည့် အဆို၊မေးခွန်းများနှင့်စပ်လျဉ်း၍ Covid-19 ရောဂါအခြေအနေကြောင့် ယခင် ပုံမှန်အစည်းအဝေးများကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်ခြင်း မရှိခဲ့ သော်လည်း ၆-၇-၂၀၂၀ ရက်နေ့တွင် ကော်မတီဝင်များနှင့်အစည်းအဝေးကျင်းပခဲ့ပြီး စိစစ်မှုများ ဆောင်ရွက်ခဲ့ပါသည်။

၆။ အဆို(၁)ခုမှာ လွှတ်တော်မှ အတည်မပြုကြောင်း ကော်မတီက စိစစ်တွေ့ရှိရပါသည်။

၇။ ကော်မတီ၏ စိစစ်အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း (၄၃)ခုအနက် မေးခွန်း(၁၆)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၂၇)ခုမှာ ကတိဖြစ်ပေါ်မှုမရှိကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိရ ပါသည် -

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်ပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၁ | ၁ | - | |
| ၂။ | ပြည်ထဲရေးဝန်ကြီးဌာန | ၆ | ၂ | ၄ | |
| ၃။ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၃ | ၁ | ၂ | |
| ၄။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | - | ၂ | |
| ၅။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၆။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၇။ | ပညာရေးဝန်ကြီးဌာန | ၁၀ | ၄ | ၆ | |
| ၈။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၇ | ၁ | ၆ | |
| ၉။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၄ | ၃ | |
| ၁၀။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန | ၁ | ၁ | - | |
| ၁၁။ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၂ | - | ၂ | |
| | **စုစုပေါင်း** | ၄၃ | ၁၆ | ၂၇ | |

၈။ အာမခံချက်၊ ကတိနှင့်တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း(၁၆)ခု၏ ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါသည်။

၉။ ကော်မတီ၏ စိစစ်အတည်ပြုချက်အရ ကြယ်ပွင့်မပြမေးခွန်း(၁၂၉)ခုအနက် မေးခွန်း (၃၂)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၉၇)ခု ကတိဖြစ်ပေါ်မှုမရှိကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည် -

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်မပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁။ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၂ | - | ၂ | |
| ၂။ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၃။ | ပြည်ထဲရေးဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၄။ | ကာကွယ်ရေးဝန်ကြီးဌာန | ၂ | - | ၂ | |
| ၅။ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၈ | ၂ | ၆ | |
| ၆။ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | ၁ | - | |
| ၇။ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၈ | ၁ | ၇ | |
| ၈။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | - | ၂ | |
| ၉။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂ | - | ၂ | |
| ၁၀။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၆ | ၄ | ၂ | |
| ၁၁။ | ပညာရေးဝန်ကြီးဌာန | ၅၂ | ၈ | ၄၄ | |
| ၁၂။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁၆ | ၅ | ၁၁ | |
| ၁၃။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၉ | ၅ | ၁၄ | |
| ၁၄။ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ | ၈ | ၅ | ၃ | |
| | **စုစုပေါင်း** | **၁၂၉** | **၃၂** | **၉၇** | |

၁၀။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်း(၃၂)ခု၏ ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြအပ်ပါသည်။

၁၁။ ဆက်လက်ပြီးကော်မတီသည် ပထမပုံမှန်အစည်းအဝေးမှ(၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ လွှတ်တော်တွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုရှင်နှင့် မေးခွန်းရှင်များကို မိမိတို့ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဆောင်ရွက်ပြီးစီးမှု နောက်ဆုံးဖြေကြား

ချက်ကို ပေးပို့ဖိတ်ကြားပြီး အောက်ပါဝန်ကြီးဌာနများကို ဖိတ်ကြား၍ တွေ့ဆုံညှိနှိုင်းအစည်းအဝေး များကို ဆောင်ရွက်ခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာန | တွေ့ဆုံ သည့် နေ့ရက် | အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဆောက်လုပ်ရေးဝန်ကြီး ဌာန | ၄-၈-၂၀၂၀ | (၁၃:၀၀)နာရီ | မေးခွန်းရှင် ကိုယ်စားလှယ် (၂၃)ဦး တက်ရောက်ဆွေးနွေး ပါသည်။ |
| ၂။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၅-၈-၂၀၂၀ | (၁၃:၀၀)နာရီ | မေးခွန်းရှင် ကိုယ်စားလှယ် (၁၁)ဦး တက်ရောက်ဆွေးနွေး ပါသည်။ |
| ၃။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၆-၈-၂၀၂၀ | (၁၀:၀၀)နာရီ | မေးခွန်းရှင် ကိုယ်စားလှယ် (၁၁)ဦး တက်ရောက်ဆွေးနွေး ပါသည်။ |
| ၄။ | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန | ၆-၈-၂၀၂၀ | (၁၃:၀၀)နာရီ | မေးခွန်းရှင် ကိုယ်စားလှယ် (၁၂)ဦး တက်ရောက်ဆွေးနွေး ပါသည်။ |
| ၅။ | ပညာရေးဝန်ကြီးဌာန | ၆-၈-၂၀၂၀ | (၁၅:၀၀)နာရီ | မေးခွန်းရှင် ကိုယ်စားလှယ် (၉)ဦး တက်ရောက်ဆွေးနွေး ပါသည်။ |
| ၆။ | ပြည်ထဲရေးဝန်ကြီးဌာန | ၇-၈-၂၀၂၀ | (၁၂:၀၀)နာရီ | မေးခွန်းရှင် ကိုယ်စားလှယ် (၃)ဦး တက်ရောက်ဆွေးနွေး ပါသည်။ |
| ၇။ | လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန | ၇-၈-၂၀၂၀ | (၁၃:၃၀)နာရီ | မေးခွန်းရှင် ကိုယ်စားလှယ် (၃)ဦး တက်ရောက်ဆွေးနွေး ပါသည်။ |
| ၈။ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၇-၈-၂၀၂၀ | (၁၅:၀၀)နာရီ | မေးခွန်းရှင် ကိုယ်စားလှယ် (၂)ဦး တက်ရောက်ဆွေးနွေး ပါသည်။ |

၁၂။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ် မြောက်ပုံမှန်အစည်းအဝေးအထိ အစည်းအဝေး (၁၆)ကြိမ်အတွင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများအနက် ပြည်ထောင်စုအဆင့်

အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ အလိုက် ကတိဖြစ်ပေါ်ခဲ့မှုပေါင်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ Power Point နဲ့ ဖော်ပြထား ပါတယ် –

| **စဉ်** | **ဒုတိယ အကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်း အဝေးများ** | **ကြယ်ပွင့်ပြမေးခွန်း** | | | **ကြယ်ပွင့်မပြ မေးခွန်း** | | | **အဆို** | | | **ကတိ ဖြစ် ပေါင်း** |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိ ဖြစ် | **ကတိ မဖြစ်** | ပေါင်း | ကတိ ဖြစ် | **ကတိ မဖြစ်** | ပေါင်း | **အ တည် ပြု** | **အ တည် မပြု** | ပေါင်း | |
| ၁ | ပထမပုံမှန် | ၂၃ | ၁၀ | ၃၃ | ၁၄ | ၁၂ | ၂၆ | – | ၁ | ၁ | ၃၇ |
| ၂ | ဒုတိယပုံမှန် | ၈၈ | ၅၉ | ၁၄၇ | ၃၄ | ၃၈ | ၇၂ | ၁ | ၂ | ၃ | ၁၂၃ |
| ၃ | တတိယပုံမှန် | ၅၄ | ၅၀ | ၁၀၄ | ၃၂ | ၃၀ | ၆၂ | – | – | – | ၈၆ |
| ၄ | စတုတ္ထပုံမှန် | ၅၀ | ၄၀ | ၉၀ | ၇၆ | ၅၄ | ၁၃၀ | ၁ | – | ၁ | ၁၂၇ |
| ၅ | ပဉ္စမပုံမှန် | ၁၄၇ | ၈၈ | ၂၃၅ | ၁၁၉ | ၉၀ | ၂၀၉ | ၄ | ၁ | ၅ | ၂၇၀ |
| ၆ | ဆဋ္ဌမပုံမှန် | ၃၆ | ၃၂ | ၆၈ | ၂၉ | ၂၇ | ၅၆ | ၁ | – | ၁ | ၆၆ |
| ၇ | သတ္တမပုံမှန် | ၆၁ | ၄၅ | ၁၀၆ | ၁၁၂ | ၇၂ | ၁၈၄ | ၁ | – | ၁ | ၁၇၄ |
| ၈ | အဋ္ဌမပုံမှန် | ၅၄ | ၃၂ | ၈၆ | ၈၇ | ၃၇ | ၁၂၄ | ၁ | – | ၁ | ၁၄၂ |
| ၉ | နဝမပုံမှန် | ၅၀ | ၃၇ | ၈၇ | ၈၈ | ၆၆ | ၁၅၄ | ၁ | – | ၁ | ၁၃၉ |
| ၁၀ | ဒသမပုံမှန် | ၆၈ | ၃၇ | ၁၀၅ | ၇၁ | ၃၁ | ၁၀၂ | ၁ | – | ၁ | ၁၄၀ |
| ၁၁ | (၁၁)ကြိမ် မြောက်ပုံမှန် | ၆၇ | ၅၄ | ၁၂၁ | ၁၉၉ | ၁၀၄ | ၃၀၃ | ၃ | – | ၃ | ၂၆၉ |
| ၁၂ | (၁၂)ကြိမ် မြောက်ပုံမှန် | ၆၃ | ၅၄ | ၁၁၇ | ၈၀ | ၇၃ | ၁၅၃ | ၁ | – | ၁ | ၁၄၄ |
| ၁၃ | (၁၃)ကြိမ် မြောက်ပုံမှန် | ၆၉ | ၆၅ | ၁၃၄ | ၈၉ | ၁၀၂ | ၁၉၁ | ၃ | – | ၃ | ၁၆၁ |

| စဉ် | ဒုတိယ အကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်း အဝေးများ | ကြယ်ပွင့်ပြမေးခွန်း | | | ကြယ်ပွင့်မပြ မေးခွန်း | | | အဆို | | | ကတိ ဖြစ် ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိ ဖြစ် | ကတိ မဖြစ် | ပေါင်း | ကတိ ဖြစ် | ကတိ မဖြစ် | ပေါင်း | အ တည် ပြု | အ တည် မပြု | ပေါင်း | |
| ၁၄ | (၁၄)ကြိမ် မြောက်ပုံမှန် | ၃၇ | ၄၆ | ၈၃ | ၅၀ | ၈၈ | ၁၃၈ | ၃ | - | ၃ | ၉၀ |
| ၁၅ | (၁၅)ကြိမ် မြောက်ပုံမှန် | ၅၃ | ၅၂ | ၁၀၅ | ၉၇ | ၁၄၉ | ၂၄၆ | - | ၁ | ၁ | ၁၅၀ |
| ၁၆ | (၁၆)ကြိမ် မြောက်ပုံမှန် | ၁၆ | ၂၇ | ၄၃ | ၃၂ | ၉၇ | ၁၂၉ | - | ၁ | ၁ | ၄၈ |
| | **စုစုပေါင်း** | **၉၃၆** | **၇၂၈** | **၁၆၆၄** | **၁၂၀၉** | **၁၀၇၀** | **၂၂၇၉** | **၂၁** | **၆** | **၂၇** | **၂၁၆၆** |

၁၃။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိကတိဖြစ်ပေါ်မှုများမှာ ကြယ်ပွင့်ပြမေးခွန်း(၉၃၆)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၂၀၉)ခု နှင့် အတည်ပြုအဆို(၂၁)ခု၊ စုစုပေါင်း(၂၁၆၆)ခု ဖြစ်ပါသည်။ ပထမပုံမှန်အစည်းအဝေးမှ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ အဆို (၁၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၇၆၆)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၉၇၈)ခု စုစုပေါင်း (၁၇၅၆)ခု ပယ်ဖျက်နိုင်ခဲ့ပါသည်။ အဆိုပါ ပယ်ဖျက်ခဲ့သည့်လုပ်ငန်းများမှ (၁)၁၀၀% ပြီးစီးသောလုပ်ငန်းများ၊ (၂)စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်နေဆဲလုပ်ငန်းများ၊ (၃)လာမည့် ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဘတ်ဂျက်ဖြတ်တောက်မှုမရှိသည့်လုပ်ငန်းများ၊ (၄) သက်ဆိုင်ရာဌာနများမှ မူဝါဒလုပ်ငန်းစဉ်များဖြင့် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ (၅) နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သေးသည့်လုပ်ငန်းများကို စိစစ်၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ခြင်းဖြစ်ပါသည်။ လုပ်ငန်းပြီးစီးမှုအနေဖြင့် (၈၁.၀၇)ရာခိုင်နှုန်းဖြစ်ပြီး ပယ်ဖျက်နိုင်ခဲ့သည့် အဆို၊ မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်မှ(၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးထိ စိစစ်ပယ်ဖျက်ခဲ့ခြင်း | | | |
|---|---|---|---|---|---|
| | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | အဆို | ပေါင်း |
| ၁။ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၄ | ၂ | ၁ | ၇ |
| ၂။ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး | ၆ | ၄ | - | ၁၀ |
| ၃။ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၂ | ၃ | - | ၅ |
| ၄။ | ပြည်ထဲရေးဝန်ကြီးဌာန | ၂၅ | ၂၈ | ၃ | ၅၆ |
| ၅။ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | ၃ | - | ၄ |
| ၆။ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂၅ | ၂၀ | - | ၄၅ |
| ၇။ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ၁၈ | ၉ | - | ၂၇ |
| ၈။ | ပြန်ကြားရေးဝန်ကြီးဌာန | ၃ | ၄ | - | ၇ |
| ၉။ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၄ | ၃ | - | ၇ |
| ၁၀။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၆၄ | ၄၆ | ၅ | ၁၁၅ |
| ၁၁။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၃၂ | ၁၃ | - | ၄၅ |
| ၁၂။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၃၉ | ၁၃ | ၂ | ၅၄ |
| ၁၃။ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၄၉ | ၃၆ | - | ၈၅ |
| ၁၄။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန | ၁၀ | ၈ | - | ၁၈ |
| ၁၅။ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန | ၇ | ၄ | - | ၁၁ |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်မှ(၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးထိ စိစစ်ပယ်ဖျက်ခဲ့ခြင်း | | | |
|---|---|---|---|---|---|
| | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | အဆို | ပေါင်း |
| ၁၆။ | ပညာရေးဝန်ကြီးဌာန | ၁၄၁ | ၃၄၉ | - | ၄၉၀ |
| ၁၇။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁၁၁ | ၁၅၂ | ၁ | ၂၆၄ |
| ၁၈။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၉၂ | ၈၇ | - | ၁၇၉ |
| ၁၉။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၁၉ | ၅ | - | ၂၄ |
| ၂၀။ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ၂ | - | - | ၂ |
| ၂၁။ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၃ | - | - | ၃ |
| ၂၂။ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁ | - | - | ၁ |
| ၂၃။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂ | - | - | ၂ |
| ၂၄။ | နေပြည်တော်ကောင်စီရုံး | ၂ | - | - | ၂ |
| ၂၅။ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၄ | ၉ | - | ၁၃ |
| ၂၆။ | ကယားပြည်နယ်အစိုးရအဖွဲ့ | ၄ | ၄ | - | ၈ |
| ၂၇။ | ကရင်ပြည်နယ်အစိုးရအဖွဲ့ | ၃ | ၇ | - | ၁၀ |
| ၂၈။ | ချင်းပြည်နယ်အစိုးရအဖွဲ့ | ၁၆ | ၁၅ | - | ၃၁ |
| ၂၉။ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၆ | ၁၉ | - | ၂၅ |
| ၃၀။ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂ | ၁၆ | - | ၁၈ |
| ၃၁။ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃ | ၃ | - | ၆ |
| ၃၂။ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၇ | ၁၈ | - | ၂၅ |
| ၃၃။ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | - | ၁ | - | ၁ |
| ၃၄။ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၁၄ | ၃၂ | - | ၄၆ |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်မှ(၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးထိ စိစစ်ပယ်ဖျက်ခဲ့ခြင်း | | | |
|---|---|---|---|---|---|
| | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | အဆို | ပေါင်း |
| ၃၅။ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၂၉ | ၃၁ | - | ၆၀ |
| ၃၆။ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၆ | ၇ | - | ၁၃ |
| ၃၇။ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၂ | ၁၆ | - | ၁၈ |
| ၃၈။ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၅ | ၁၁ | - | ၁၆ |
| ၃၉။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂ | - | - | ၂ |
| ၄၀။ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | ၁ | - | - | ၁ |
| | **စုစုပေါင်း** | **၇၆၆** | **၉၇၈** | **၁၂** | **၁၇၅၆** |

၁၄။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ အဆို(၉)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၇၀)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၂၃၁)ခု စုစုပေါင်း(၄၁၀)ခု ကျန်ရှိနေပါသည်။ ရာခိုင်နှုန်းအားဖြင့် (၁၈.၉၃)% ကျန်ရှိနေပြီး ကတိဖြစ်ပေါ်မှုလက်ကျန်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်မှ (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးထိ စိစစ်ပြီးလက်ကျန်စာရင်း | | | |
|---|---|---|---|---|---|
| | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | အဆို | ပေါင်း |
| ၁။ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၂ | - | - | ၂ |
| ၂။ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၆ | ၂ | - | ၈ |
| ၃။ | ပြည်ထဲရေးဝန်ကြီးဌာန | ၂ | ၃ | - | ၅ |
| ၄။ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၇ | ၉ | - | ၁၆ |
| ၅။ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ၇ | ၂ | ၁ | ၁၀ |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်မှ (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးထိ စိစစ်ပြီးလက်ကျန်စာရင်း | | | |
|---|---|---|---|---|---|
| | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | အဆို | ပေါင်း |
| ၆။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၁ | - | - | ၁ |
| ၇။ | ပြန်ကြားရေးဝန်ကြီးဌာန | - | ၂ | - | ၂ |
| ၈။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၄ | ၆ | ၄ | ၂၄ |
| ၉။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၃ | ၅ | - | ၁၈ |
| ၁၀။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁၁ | ၆ | ၃ | ၂၀ |
| ၁၁။ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၁ | - | - | ၁ |
| ၁၂။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၁ | - | - | ၁ |
| ၁၃။ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁ | - | - | ၁ |
| ၁၄။ | ပညာရေးဝန်ကြီးဌာန | ၄ | ၉ | ၁ | ၁၄ |
| ၁၅။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၃ | ၁၄ | - | ၁၇ |
| ၁၆။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၃၁ | ၄၂ | - | ၇၃ |
| ၁၇။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၃ | ၄ | - | ၇ |
| ၁၈။ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၂ | ၉ | - | ၁၁ |
| ၁၉။ | ကယားပြည်နယ်အစိုးရအဖွဲ့ | ၃ | ၁၀ | - | ၁၃ |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်မှ (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးထိ စိစစ်ပြီးလက်ကျန်စာရင်း | | | |
|---|---|---|---|---|---|
| | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | အဆို | ပေါင်း |
| ၂၀။ | ကရင်ပြည်နယ်အစိုးရအဖွဲ့ | ၁ | ၂ | - | ၃ |
| ၂၁။ | ချင်းပြည်နယ်အစိုးရအဖွဲ့ | ၉ | ၁၀ | - | ၁၉ |
| ၂၂။ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၁ | ၂၂ | - | ၃၃ |
| ၂၃။ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | ၁၄ | - | ၁၅ |
| ၂၄။ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄ | - | - | ၄ |
| ၂၅။ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၇ | ၁၁ | - | ၁၈ |
| ၂၆။ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | ၆ | - | ၇ |
| ၂၇။ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၁၁ | ၁၀ | - | ၂၁ |
| ၂၈။ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၈ | ၁၂ | - | ၂၀ |
| ၂၉။ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | ၁ | - | ၂ |
| ၃၀။ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၄ | ၁၂ | - | ၁၆ |
| ၃၁။ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | - | ၈ | - | ၈ |
| | **စုစုပေါင်း** | ၁၇၀ | ၂၃၁ | ၉ | ၄၁၀ |

၁၅။ ကော်မတီသည် ပထမပုံမှန်အစည်းအဝေးမှ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးပေါင်း (၁၂၆)ကြိမ်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပေါင်း (၆၇)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် (၆)ကြိမ်၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနှင့်(၁)ကြိမ်၊ ပြင်ပမီဒီယာများနှင့် (၁)ကြိမ်၊ စုစုပေါင်း (၂၀၁)ကြိမ် တွေ့ဆုံညှိနှိုင်းခဲ့ပါသည်။

**သုံးသပ်အကြံပြုချက်**

၁၆။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနများအနေဖြင့် လွှတ်တော်တွင် ကတိပေးဖြေကြားခဲ့သည့်အတိုင်း ကတိ ဖြစ်ပေါ်မှုအား သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ မြေပြင်တွင် အမှန်တကယ်

ဆောင်ရွက်ရန်နှင့် နေရာပြောင်း/ခေါင်းစဉ်ပြောင်းလဲ ဆောင်ရွက်ပါက ကော်မတီသို့ ကြိုတင်အသိပေး ညှိနှိုင်းဆောင်ရွက်ရန် သုံးသပ်အကြံပြုပါသည်။

( ခ) ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက ကတိကဝတ် မပြုသင့်ပါ ကြောင်းနှင့် ကတိဖြစ်ပြီး မဆောင်ရွက်နိုင်သေးသော မေးခွန်းများကို လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထားပေးနိုင်ပါရန် သုံးသပ်အကြံပြုပါသည်။

( ဂ) ဝန်ကြီးဌာနများအနေဖြင့် ကော်မတီသို့ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ခွင့် တင်ပြ ထားသော်လည်း ကော်မတီမှ ပယ်ဖျက်ခွင့်ပြုကြောင်း အတည်ပြုပြန်ကြားခြင်း မရှိသည့် မေးခွန်းများအား လစဉ်ပြန်တမ်းများတွင် ဆက်လက်ထည့်သွင်း ပေးပို့ရန် အကြံပြုပါသည်။

(ဃ) ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များမှ လစဉ်တိုးတက်မှု အစီရင်ခံစာများကို ကော်မတီသို့တင်ပြရာတွင် ပါဝင်ပတ်သက်နေသော ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့ အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကော်မတီသို့ ဆက်လက်တင်ပြပေးနိုင်ပါရန် သုံးသပ်အကြံပြုပါသည်။

( င) ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများသည် ပြည်ထောင်စုဝန်ကြီး ဌာနများတွင် ကတိကဝတ်ဖြစ်ပေါ်နေသော်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များမှ ဘတ်ဂျက်တွင်ထည့်သွင်းလျာထားခြင်းမရှိခြင်း၊ အချို့ဘဏ္ဍာနှစ် နောက်သို့ရွှေ့ဆိုင်းခြင်းများ စိစစ်တွေ့ရှိရပါသဖြင့် ပြည်ထောင်စု ဝန်ကြီးဌာနများ နှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ယခုထက်ပိုမို ပူးပေါင်း ချိတ်ဆက် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

( စ) ကတိကဝတ်စာရင်းမှ ပယ်ဖျက်ခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ အထက်အပိုဒ် (၁၃)တွင် တင်ပြထားသည့်အတိုင်း အချို့လုပ်ငန်းများသည်ပြီးပြတ် ခြင်းမရှိသေးသော်လည်း ဝန်ကြီးဌာန၏ မူဘောင်အတိုင်း လုပ်ငန်းများ အပြီးသတ် ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ သက်ဆိုင်ရာ အဆို၊ မေးခွန်းရှင်များမှ လည်း မပြီးပြတ်သေးသောလုပ်ငန်းများကို မိမိတို့ တတ်နိုင်သမျှ ပူးပေါင်းပါဝင် ထိန်းညှိ ပေးသင့်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

(ဆ) ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိ ကိုယ်စားလှယ်များ၏ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် ကြယ်ပွင့်မပြ မေးခွန်းများကို စိစစ်သုံးသပ်ရာတွင်

အချို့ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုများသည် မေးခွန်းတစ်ခုထဲတွင် မေးမြန်းသည့် အရေအတွက် များပြားနေသည့်အတွက် သက်ဆိုင်ရာဌာနများမှ ပြန်လည် ဖြေကြားရာတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေပြီး ကတိကဝတ်မှာလည်း အချို့အပိုင်းလိုက်သာ ဖြစ်ပေါ်နေသဖြင့် စိစစ်ရာတွင် ခက်ခဲမှုရှိခဲ့ပါသည်။ သို့ပါ၍ မေးခွန်းရှင် ကိုယ်စားလှယ်များမှလည်း မိမိတို့၏ မေးခွန်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ တင်သွင်းမေးမြန်းရန် လိုအပ်ပြီး သက်ဆိုင်ရာဌာနများမှလည်း မေးခွန်းမေးမြန်းမှုအပေါ် ရှင်းရှင်းလင်းလင်း တိတိပပ ဖြေကြားပေးနိုင်ပါရန် သုံးသပ်အကြံပြုပါသည်။

**နိဂုံး**

၁၇။ ကော်မတီသည် ကိုယ်စားလှယ်များက လွှတ်တော်တွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများ၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ နှင့်စပ်လျဉ်း၍ နောက်ဆုံးဆောင်ရွက်ထားရှိမှုအခြေအနေ၊ လစဉ်အစီရင်ခံစာများအား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကော်မတီသို့ပေးပို့လျက်ရှိရာ သက်ဆိုင်ရာမေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ သိရှိလိုပါက ကော်မတီသို့ ဆက်သွယ်၍ မိမိတို့ သိရှိလိုသည့် အကြောင်းအရာ အချက်အလက်များကို ထုတ်ယူနိုင်ပါကြောင်းကိုလည်း ထပ်မံအသိပေး ဖော်ပြအပ်ပါသည်။ ရည်ရွယ်ချက်မှာ ကိုယ်စားလှယ်များ မိမိတို့မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် သိရှိနိုင်စေရန်နှင့် မြေပြင်တွင်အမှန်တကယ် ဆောင်ရွက်နေမှုနှင့် မိမိတို့ မေးမြန်းချက်၊ ကတိဖြစ်ပေါ်မှုများ ကွဲလွဲချက်များကို အချိန်နှင့်တစ်ပြေးညီသိရှိပြီး ညှိနှိုင်း ပေါင်းစပ်နိုင်ရန် ဖြစ်ပါသည်။

၁၈။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝှမ်း လုံးသို့ ရရှိသည့်အချိန်၊ အခြေအနေပေါ်မူတည်၍ ကွင်းဆင်းစိစစ်ခြင်း (၁၄)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး၊ လွှတ်တော်သို့အစီရင်ခံစာ (၁၄)ကြိမ် တင်သွင်းအတည်ပြုနိုင်ခဲ့ပါသည်။ ကော်မတီမှ စိစစ် အတည်ပြု ခဲ့ပြီးဖြစ်သော အဆို/မေးခွန်းများထဲမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အဆို၊ မေးခွန်း လက်ကျန်များကိုလည်း သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်လက်ပေးပို့ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းနှင့် နောင်ပေါ်ပေါက်လာမည့် တတိယအကြိမ်၊ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံ

ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှလည်း ဆက်လက်ဆောင်ရွက်ညှိနှိုင်း ပေါင်းစပ်ပေးသွားနိုင်ရေးအတွက် အကြံပြုတင်ပြအပ်ပါကြောင်း အစီရင်ခံအပ်ပါသည်။


အမျိုးသားလွှတ်တော်

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်

တာဝန်ခံချက်များစိစစ်ရေးကော်မတီ

အားလုံးကို ကျေးဇူးတင်ရှိပါသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်မှ (၁၆) ကြိမ်မြောက်ပုံမှန်အထိ ကတိဖြစ် အဆို/ မေးခွန်း (၂၁၆၆)ခု၏ ပြီး/ကျန် စာရင်း ပြပုံ (လ)




မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ လုပ်ကွက်(A)အား ကွင်းဆင်းစိစစ်ခြင်း မှတ်တမ်းပုံ (လ-၁)



ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဝန်ကြီးဌာနပိုင်မြေပေါ်တွင် အဆောက်အဦများ ဆောက်လုပ်နေခြင်းအား ကွင်းဆင်းစိစစ်ခြင်း မှတ်တမ်းပုံ (လ−၂)



**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂:၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ (၁/၂၀၂၀)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၂:၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀) ကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၃၅။**

**ဦးထိန်ဝင်း (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်ကြီးများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှင့် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ (၁/၂၀၂၀)ကို ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်တဲ့နေရာမှာ Power Point သုံးစွဲတင်ပြခွင့်ပြုပါရန်ကြိုတင် ခွင့်တောင်းခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ( ၁/၂၀၂၀)

**နိဒါန်း**

၁။　　အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူ့ဆန္ဒ - လွှတ်တော်ဆန္ဒ ဆိုသကဲ့သို့ မိမိတို့ ထမ်းဆောင်ရမည့် တာဝန်များအား ပြည်သူကို မျက်နှာမူလျက် ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။ ပြည်သူများမှ အားကိုးတကြီးဖြင့် တင်ပြလာသော တိုင်ကြားစာများအား မှန်ကန်မှု ရှိ/မရှိ လေ့လာစိစစ်ခြင်း၊ သက်ဆိုင်ရာ တရားရုံး တစ်ခုခုမှ ဆုံးဖြတ်ချက် ချမှတ်ခြင်း မပြုရသေးသော ကိစ္စရပ်များမှအပ အထောက်အထားများဖြင့် တင်ပြလာသောတိုင်ကြားချက်များအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းများသို့ တရားဥပဒေနှင့်အညီဖြစ်စေရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တိုင်ကြားစာများအတွက် လိုအပ်သလို ရှင်းလင်းပြန်ကြားပေးခြင်း၊ အများပြည်သူတို့၏ အကျိုးစီးပွားထိခိုက်စေမည့် ကိစ္စရပ်များဖြစ်ပါကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ကွင်းဆင်းလေ့လာ စိစစ်ကြားနာမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။

**ရည်ရွယ်ချက်**

၂။　　ပြည်သူများမှ တင်ပြလာတဲ့ တိုင်ကြားစာများကို သုံးသပ်လေ့လာ၍ ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များအား တိုင်ကြားစာနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ လမ်းညွှန်မှုခံယူပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးပို့ညှိနှိုင်း၍ ဥပဒေ၊

လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများရဲ့ လိုလားချက်၊ နစ်နာမှုများကို ကူညီဖြေရှင်းပေးရန် ရည်ရွယ်ပါတယ်။

**ကော်မတီဖွဲ့စည်းခြင်း**

၃။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်ရုံး၏ ၂၃-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆) ဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဥက္ကဋ္ဌ အဖြစ် ဦးဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၁)ဦး စုစုပေါင်း (၁၅)ဦးနှင့် စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းလာခဲ့ရာမှာ ယခုလက်ရှိကော်မတီဥက္ကဋ္ဌအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း နဲ့ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင် တို့က ဦးဆောင်ပြီးတော့ ကော်မတီဝင် (၁၅)ဦးတို့က ကော်မတီရဲ့ တာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။ ဒီလို ထမ်းဆောင်တဲ့အခါမှာ တရားရုံးနှင့် ပတ်သက်တဲ့ ကိစ္စရပ်များအတွက် အစုအဖွဲ့ (၁)ခု၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပတ်သက်တဲ့ ကိစ္စရပ်များအတွက် အစုအဖွဲ့ (၁)ခု၊ အထွေထွေကိစ္စရပ်များအတွက် အစုအဖွဲ့ (၁)ခု ဆိုပြီးတော့ အစုအဖွဲ့ (၃)ခုနဲ့ ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

**ကော်မတီမှ ဆောင်ရွက်သည့် လုပ်ငန်းကိစ္စရပ်များ**

၄။ ၁- ၇ -၂၀၁၉ ရက်နေ့မှ ၃၀- ၆ - ၂၀၂၀ ရက်နေ့အထိ ပြည်သူများထံမှ ကော်မတီသို့ တင်ပြ တိုင်ကြားစာများ လက်ခံရရှိမှုနှင့် ဆောင်ရွက်မှုများကို နောက်ဆက်တွဲ(က)(ခ)တို့ဖြင့် ဖော်ပြအပ်ပါသည်။ Power Point ပြပေးပါ။

၅။ တိုင်ကြားစာများ လက်ခံရရှိမှုနှင့် ပတ်သက်ပြီး ၁-၇-၂၀၁၉ ရက်နေ့မှ ၃၀-၆-၂၀၂၀ ရက်နေ့အထိ (၁)နှစ်တာ ကာလအတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ ပေးပို့တိုင်ကြားတဲ့ တိုင်ကြားစာက (၂၇၁)စောင် ရှိပါတယ်။ ကော်မတီ ဥက္ကဋ္ဌထံကို ပေးပို့တိုင်ကြားတဲ့ တိုင်ကြားစာကတော့ (၁၃၅၅)စောင် ရှိပါတယ်။ စုစုပေါင်း ဆိုလို့ရှိရင် တိုင်ကြားစာပေါင်း (၁၆၂၆)စောင်တိတိ ကျွန်တော်တို့ ကော်မတီက လက်ခံရရှိခဲ့ပါတယ်။ အဆိုပါ တင်ပြတိုင်ကြားစာများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ ပေးပို့ပြန်ကြားခဲ့တဲ့ အမှုတွဲများကိုတော့ နောက်ဆက်တွဲ(ဂ)ဖြင့်လည်းကောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ပေးပို့ပြန်ကြားခဲ့တဲ့ အမှုတွဲများကို နောက်ဆက်တွဲ (ဃ) ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့/ပြန်ကြားခဲ့သည့် အမှုတွဲများကိုတော့ နောက်ဆက်တွဲ (င)ဖြင့်လည်းကောင်း တင်ပြအပ်ပါတယ်။ Power Point ဖြင့် ပြပေးပါ။

၆။　　၁-၇-၂၀၁၉ ရက်နေ့မှ ၃၀-၆-၂၀၂၀ ရက်နေ့အထိ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီမှ တိုင်ကြားသူကာယကံရှင်များထံသို့ အမှုတွဲစုစုပေါင်း (၂၈၈)စောင်အား အကြောင်းပြန်ကြားပေးခဲ့ပါတယ်။ သတ်မှတ်ထားသည့် ညွှန်ကြားချက်များနှင့် ညီညွတ်မှု မရှိလို့ ကော်မတီမှ ဆောင်ရွက်ရန်မလိုအပ်သည့် အမှုတွဲစုစုပေါင်း (၁၁၆၉)စောင်ရှိပြီးတော့ ကော်မတီမှ ဆက်လက်ဆောင်ရွက်နေသည့် အမှုတွဲစုစုပေါင်းဟာ(၂၉၄)စောင်ရှိပါတယ်။ ဒီတိုင်ကြားစာတွေ၊ တင်ပြစာတွေနှင့် ပတ်သက်ပြီးတော့ အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာများကို ကော်မတီကစိစစ်တယ်။ စိစစ်တွေ့ရှိချက်နှင့်အတူ အမှုတွဲများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် ပေးပို့ခဲ့ပါတယ်။ လယ်ယာမြေသိမ်းဆည်းခံရမှုကိစ္စရပ်များနှင့် စပ်လျဉ်းပြီးတော့ တိုင်ကြားစာအမှုတွဲပေါင်း (၁၆၃)စောင် လက်ခံရရှိပြီးတော့ ဒီအမှုတွဲတွေကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်နေသည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် လွှဲပြောင်းပေးပို့ခဲ့ပါသည်။

**ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး**

၇။　　အစည်းအဝေးကျင်းပတာနဲ့ ပတ်သက်ပြီး တင်ပြရမယ်ဆိုလို့ရှိရင် ၁-၇-၂၀၁၉ ရက်နေ့မှ ၃၀-၆-၂၀၂၀ ရက်နေ့အထိ (၁)နှစ်တာကာလအတွင်း တိုင်ကြားစာများနှင့် ပတ်သက်၍ ကော်မတီရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၄)ကြိမ်တိတိ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

**ကွင်းဆင်းလေ့လာခြင်း**

၈။　　ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအထိ တိုင်ကြားစာ (၅၉)မှုနှင့် စပ်လျဉ်း၍ ကွင်းဆင်းလေ့လာမှု (၂၆)ကြိမ် ဆောင်ရွက်ခဲ့ပြီးတော့ လေ့လာတွေ့ရှိချက် အစီရင်ခံစာများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံ လမ်းညွှန်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများကို ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီသို့ ပေးပို့လာတဲ့ တိုင်ကြားစာများအနက် ကော်မတီမှ ကူညီဖြေရှင်းဆောင်ရွက်ပေးမှုကြောင့် သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများမှ တိုင်ကြားသူတို့၏ နစ်နာမှုများအား ဖြေလျှော့ပေးနိုင်မှု အများအပြားရှိခဲ့ပါတယ်။ အဲဒီ ဖြေလျှော့ပေးနိုင်မှု ဇယားတွေကို နောက်ဆက်တွဲ (စ)ဖြင့် တင်ပြအပ်ပါတယ်။ Power Point ဖြင့် ပြသပေးဖို့ ဖြစ်ပါတယ်။

**ဌာနဆိုင်ရာဝန်ထမ်းများအား အရေးယူခဲ့မှုများ**

၉။　　ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် ၁-၇-၂၀၁၉ ရက်နေ့မှ ၃၀-၆-၂၀၂၀ ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊

ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တိုင်ကြားခံခဲ့ရတဲ့ အရာထမ်း/ အမှုထမ်းများနှင့် တရားရေးဝန်ထမ်းများအား မှတ်တမ်းတင် သတိပေးလက်မှတ်ထိုး စေခြင်း၊ တာဝန်မှရပ်စဲခြင်း၊ အမြဲတမ်းထုတ်ပယ်ခြင်း၊ ရာထူးလျှော့ချခြင်း၊ ရာထူးတိုးရပ်ဆိုင်းခြင်း၊ နှစ်တိုးရပ်ဆိုင်းခြင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်းနှင့် ပြင်းထန်စွာသတိပေးကြောင်း အမိန့်ထုတ်ပြန်ခြင်းတို့အတွက် (၄၉)မှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီ အထဲမှာ အရာထမ်း(၈)ဦးနှင့် အမှုထမ်း(၄၁)ဦး ပေါင်း (၄၉)ဦး ဖြစ်ပါတယ်။ အသေးစိတ်ဖော်ပြမှုအနေနှင့် နောက်ဆက်တွဲ(ဆ)အား Power Point ဖြင့် ပြသအပ်ပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၁၀။ ကော်မတီကို ရောက်ရှိလာသော တိုင်ကြားစာတွေကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြကာ သဘောထားမှတ်ချက်ရယူပြီးနောက် အမှုတွဲများကို လွှဲပြောင်းပေးပို့တဲ့အခါမှာ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အမှုတွဲများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြနိုင်မှု အားနည်းခြင်း၊ အချို့သော ဆောင်ရွက်မှုများသည် ကျေနပ်အားရဖွယ်မရှိခြင်း၊ သက်ဆိုင်ရာဌာနများမှ တင်ပြချက်များအတိုင်းသာ ပြန်လည်တင်ပြလာခြင်းနှင့် အရေးယူ ဆောင်ရွက်မှုအားနည်းနေခြင်းတို့ကြောင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် အလေးထားဆောင်ရွက် ပြန်ကြားပေးသင့်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ တစ်ဖန် တိုင်ကြားသူများအနေနှင့်လည်း ဖြစ်စဉ်အမှန်ကို ဖုံးကွယ်၍ မိမိတို့၏လိုလားချက်ပြည့်ဝရေးကိုသာ ဦးတည်တိုင်ကြားခြင်းမပြုဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ကော်မတီမှ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်တဲ့ အထောက်အထား အချက်အလက် စာရွက်စာတမ်းများ ဥပမာ ပုံစံ(၇)၊ စာချုပ်၊ ဓာတ်ပုံ၊ မြေပုံ၊ အခြား စာရွက်စာတမ်းများကို ပြည့်စုံစွာ တင်ပြပေးရန်လိုအပ်ပါတယ်။ ထို့အတူ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ပြည်သူလူထုမှ တင်ပြလာသည့် တိုင်ကြားစာများ၊ အသနားခံစာများအပေါ် ကော်မတီနှင့်အတူ ယခုထက် ပိုမိုပူးပေါင်း အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူများ၏ နစ်နာချက်၊ လိုလားချက်များအား သွက်လက်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

**နိဂုံး**


၁၁။ ကော်မတီသည် ပြည်သူတို့၏နစ်နာချက်၊ လိုလားချက်များကို ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ တိုင်ကြားစာများကို အစွမ်းကုန် ဆောလျင်စွာ ကူညီဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း လေးစားစွာဖြင့် တင်ပြအစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်

ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

(၁-၇-၂၀၁၉) မှ (၃၀-၆-၂၀၂၀) အထိ တိုင်းနှင့်ပြည်နယ်များမှ တိုင်ကြားစာများ လက်ခံရရှိမှုစာရင်း ပြပုံ (၀)




(၁-၇-၂၀၁၉) ရက်နေ့မှ (၃၀-၆-၂၀၂၀) ရက်နေ့အထိ တိုင်းနှင့်ပြည်နယ်များမှ တိုင်ကြားစာများ လက်ခံရရှိမှုစာရင်း ပြပုံ (၀-၁)

(၁-၇-၂၀၁၉)ရက်နေ့မှ (၃၀-၆-၂၀၂၀) ရက်နေ့အထိ တိုင်းနှင့်ပြည်နယ်များမှ တိုင်ကြားစာများ လက်ခံရရှိမှုစာရင်း

| ပြည်နယ်နှင့်တိုင်း | ၂၀၁၉ | | | | | | ၂၀၂၀ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | |
| ကချင် | ၂ | | ၁ | ၁ | | ၁ | | | ၄ | | | | ၉ |
| ကယား | | | | | | | | | | | | | ၀ |
| ကရင် | ၆ | ၃ | ၃ | ၂ | | ၁ | ၁ | ၄ | ၃ | | | | ၂၃ |
| ချင်း | | ၁ | | | | | ၁ | ၃ | ၂ | | ၁ | ၄ | ၁၂ |
| စစ်ကိုင်း | ၁၆ | ၂၃ | ၁၀ | ၃၉ | ၁၉ | ၁၂ | ၈ | ၆ | ၁၈ | ၅ | ၉ | ၇ | ၁၇၂ |
| တနင်္သာရီ | ၂ | ၁ | ၁ | ၁၁ | | | ၄ | | ၁ | | | ၁ | ၂၁ |
| ပဲခူး | ၁၃ | ၁၈ | ၁၄ | ၁၇ | ၂၁ | ၁၄ | ၂၁ | ၂၄ | ၂၀ | ၁၅ | ၉ | ၈ | ၁၉၄ |
| မကွေး | ၃ | ၁၃ | ၂ | ၃ | ၁၅ | ၆ | ၁၁ | ၇ | ၁၀ | | ၃ | ၁၅ | ၈၈ |
| မန္တလေး | ၂၅ | ၃၅ | ၂၃ | ၂၆ | ၂၄ | ၂၅ | ၂၀ | ၁၆ | ၃၃ | ၁၀ | ၅ | ၁၃ | ၂၅၅ |
| မွန် | ၅ | ၆ | ၁၃ | ၁၅ | ၈ | ၁ | ၉ | ၆ | ၁ | ၂ | | | ၆၆ |
| ရခိုင် | ၈ | ၄ | ၄ | ၂ | ၄ | ၃ | ၆ | ၂ | ၄ | | ၈ | | ၄၅ |
| ရန်ကုန် | ၁၄ | ၂၇ | ၃၉ | ၁၉ | ၁၉ | ၁၈ | ၂၉ | ၂၉ | ၂၃ | ၄ | ၁၀ | ၈ | ၂၃၉ |
| ရှမ်း | ၉ | ၄ | ၆ | ၅ | ၂ | ၄ | ၁၀ | ၇ | ၇ | ၁ | ၃ | ၇ | ၆၅ |
| ဧရာဝတီ | ၆ | ၁၆ | ၁၀ | ၁၁ | ၁၁ | ၁၂ | ၁၈ | ၆ | ၁၁ | ၃ | ၆ | ၈ | ၁၁၈ |
| နေပြည်တော် | ၂ | ၂ | ၁ | ၂ | ၂ | ၁ | ၆ | | ၁ | ၁ | ၂ | ၃ | ၂၃ |
| စုစုပေါင်း | ၁၁၁ | ၁၅၃ | ၁၂၇ | ၁၅၃ | ၁၂၅ | ၉၈ | ၁၄၄ | ၁၁၀ | ၁၃၈ | ၄၁ | ၅၆ | ၇၄ | ၁၃၃၀ |
| မိတ္တူ | ၃၄ | ၃၆ | ၂၇ | ၂၉ | ၁၅ | ၂၆ | ၃၃ | ၂၆ | ၁၆ | ၁၄ | ၉ | ၃၁ | ၂၉၆ |

(၁-၇-၂၀၁၉) ရက်နေ့မှ (၃၀-၆-၂၀၂၀) ရက်နေ့အထိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအား အရေးယူခဲ့မှု အခြေပြဇယား ပြပုံ (ဝ-၂)

| စဉ် | ဌာန | အမြဲတမ်းထုတ်ပယ် | | ထောင်ဒဏ်ချမှတ် | | ရာထူးလျှော့ချ | | ရာထူး တိုးမြှင့်ခြင်းကို ရပ်ဆိုင်း | | နှစ်တိုးရပ်ဆိုင်း | | စာဖြင့်သတိပေး | | သတိပေးလက်မှတ်ထိုး | | ပြင်းထန်စွာ ပြစ်တင်ရှုတ်ချသည့်ပြစ်ဒဏ် | | တာဝန်မှရပ်စဲ | | ရှေ့နေလိုင်စင်ရပ်ဆိုင်း | | ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူ | | ဌာနပြောင်းတာဝန်ပေး | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | | | | | | | | | | | | | | ၁ | ၁ | | | | ၁ | | | | | | ၂ | ၁ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | | | | | | | | | | | | | | | | | | | | | | | | ၁ | | ၁ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | | ၁ | | | | | | | | | | | ၁ | ၇ | | ၃ | | | | | | ၁၀ | | | ၁ | ၂၁ |
| ၄ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | | | | | ၂ | ၁ | ၁ | ၁ | | ၅ | | ၅ | | | | | | | | | | | | | ၃ | ၁၂ |
| ၅ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | | | | ၁ | | | | | | | | | | | | | | | | | | | | | | ၁ |
| ၆ | ပညာရေးဝန်ကြီးဌာန | | | | | | | | | | | | | ၁ | | | | | | | | | | | | ၁ | |
| ၇ | ချင်းပြည်နယ်အစိုးရအဖွဲ့ | | | | | | | | | | | | | | ၁ | | | | | | | | | | | | ၁ |
| ၈ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | | | | | | | | | | | | | | | | | | ၁ | | | | | | | | ၁ |
| ၉ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | | | | | | | | | | | | | ၁ | ၁ | | | | | | | | | | | ၁ | ၁ |
| ၁၀ | မွန်ပြည်နယ်အစိုးရအဖွဲ့ | | | | | | | | | | | | | | ၁ | | | | | | | | | | | | ၁ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | | | | | | | | | | | | | | ၁ | | | | | | | | | | | | ၁ |
| | စုစုပေါင်း | | ၁ | | ၁ | ၂ | ၁ | ၁ | ၁ | | ၅ | | ၅ | ၃ | ၁၂ | ၁ | ၃ | | ၁ | ၁ | | | ၁၀ | | ၁ | ၈ | ၄၁ |

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၂:၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂:၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂:၄၉ နာရီအချိန်တွင် ရပ်နားပါသည်။]